# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ဆဋ္ဌမနေ့ မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်
## (၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ**။ ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ**။ ။ မင်္ဂလာပါ။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

မူကြမ်း

# ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၀၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၅.၅၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေ ထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ၂၀၁၆ ခုနှစ်၊ သြဂုတ်လ ၂ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင် ကျွန်မ ဒေါ်နန်းထွေးသူ၊ ဖားဆောင်းမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၄၀၇ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၅ ဦးရှိပါတယ်ရှင့်။ ၎င်းတို့ကတော့-

(၁) ဝါးခယ်မမဲဆန္ဒနယ်မှ ဦးဇော်သိန်း ခွင့် ၁၀ ရက်၊

(၂) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၁ ရက်၊

(၃) သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက် ခွင့် ၂ ရက်၊

(၄) ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ခွင့် ၁ ရက်နှင့်

(၅) မုဒုံမဲဆန္ဒနယ်မှ ဦးစောထွန်း ခွင့် ၁ ရက်တို့ဖြစ်ပါတယ်ရှင့်။ ယခင် ခွင့်ပန်ကြားသူ ၁၄ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၅ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၁၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့် ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၄ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၅ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၁၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ း။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မူကြမ်း**

**လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်ပတ်သက်ပြီး အငြင်းပွားမှုများ ဖြစ်ပေါ်လာပါက လယ်ယာမြေ မှုခင်းများကို စစ်ဆေးဆုံးဖြတ်ပေးကြရသည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်တို့မှ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေ ဥပဒေနှင့်အညီ လိုက်နာစစ်ဆေးဆုံးဖြတ်နိုင်ရေးအတွက် မည်သို့စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်း နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်ထွေး(ဝေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ကျွန်တော် ဂါရဝရှေ့ထားပြီး ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားများအတွင်းမှာ လယ်ယာမြေလုပ်ပိုင်ခွင့်များနှင့်ပတ်သက်ပြီးတော့ အငြင်းပွားမှုများ မကြာခဏလိုဖြစ်နေကြပါတယ်။ ဒီလိုဖြစ်တဲ့နေရာမှာ လယ်ယာမြေဥပဒေအရ ကျေးရွာ၊ ရပ်ကွက်တွေပါ စတင်ပြီးတော့ ဖျက်မယ်ဆိုလို့ရှိရင် စတင်ပြီးတော့ အမှုလက်ခံတဲ့နေ့ကစပြီးတော့ ၁၅ ရက်အတွင်းမှာ အပြီးအပြတ်စစ်ဆေးရပါတယ်။ ဒီစစ်ဆေးဆောင်ရွက်ချက်အပေါ်မှာ မကျေနပ်တဲ့သူက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို ရက်ပေါင်း ၃၀ အတွင်း အယူခံတက်ရပါတယ်။ အယူခံလက်ခံရရှိတဲ့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ရက်ပေါင်း ၃၀ အတွင်းမှာပဲ ဒီအမှုကို ဆုံးဖြတ်ချက်ချရတာဖြစ်ပါတယ်။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ဆုံးဖြတ်ချက်ကို မကျေနပ်တဲ့သူက ဆုံးဖြတ်တဲ့နေ့ကစပြီးတော့ ရက်ပေါင်း ၃၀ အတွင်း ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို အယူခံတက်ရတာဖြစ်ပါတယ်။ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ဆုံးဖြတ်ချက်ကို မကျေနပ်တဲ့သူက ရက်ပေါင်း ၆၀ အတွင်း တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို အယူခံတက်ရတာဖြစ်ပါတယ်။ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကလည်းပဲ မိမိအမှုလက်ခံရရှိတဲ့ရက်ကစပြီးတော့ ရက်ပေါင်း ၆၀ အတွင်း အမှုကို အပြီးအပြတ်ဆုံးဖြတ်ရတယ်လို့ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေစီမံခန့်ခွဲမှု လယ်ယာမြေဥပဒေပါ အတိအကျပြဋ္ဌာန်းထားတာရှိပါတယ်။ သို့သော်လည်းပဲ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အသီးသီးဟာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းမရှိဘဲနဲ့ ရက်ပိုင်းတွေ၊ လပိုင်းတွေ ကန့်သတ်ထားပါလျက်နဲ့ ကျွန်တော်တို့ လပေါင်း၊ နှစ်ပေါင်းတွေ မြောက်မြားစွာ ကြာခဲ့ရပါတယ်။ ဒီလိုကြာခဲ့တဲ့အတွက် လယ်ယာမြေအတွင်းမှာ ဘာတွေ ပြဿနာပေါ်လာသလဲဆိုတော့ သူ့လယ်ကို ငါဝင်လုပ်၊ ငါ့လယ်ကို သူဝင်လုပ်၊ အုပ်နဲ့ သင်းနဲ့လုပ်ပြီးတော့ ရာဇဝတ်မှုတွေ မကြာခဏဖြစ်ပြီးတော့

တရားရုံးမှာ အမှုတွေရင်ဆိုင်နေရတာကို ကျွန်တော်တို့ သွားတွေ့ရတာဖြစ်ပါတယ်။ ဒါကလည်း ဘာဖြစ်လို့လဲဆိုတဲ့အခါကျတော့ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မ ၂၃ ပုဒ်မခွဲ(က)၊ ပုဒ်မ ၂၄ ပုဒ်မခွဲ(က)နဲ့ ပုဒ်မ ၂၅ ပုဒ်မခွဲ(က)မှာ အတိအကျပြဋ္ဌာန်းထားပါလျက်နဲ့ ဒီပြဋ္ဌာန်းချက်အပေါ်မှာ ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမရှိတဲ့ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များရဲ့ တာဝန်ဟာလုံးလုံးကျရောက်နေတာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာမြေနည်းဥပဒေ ၆၃ မှာလည်းပဲ လယ်ယာမြေနည်းဥပဒေ ၆၀ နည်းဥပဒေခွဲ(က)၊ (ခ)၊ (ဃ) အရ ဥပဒေနှင့်အညီ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွေက ဆောင်ရွက်ပေးခြင်းမရှိလို့ရှိရင် သူတို့ကို ဘာကြောင့် ကြန့်ကြာရတယ်ဆိုတဲ့ အကြောင်းနဲ့ပတ်သက်ပြီးတော့ အထောက်အထားမခိုင်လုံရင် ကြီးလေးစွာ ဥပဒေအရ ဆောင်ရွက်ပေးရမယ်ဆိုတဲ့ဟာလည်း ပြဋ္ဌာန်းချက်ရှိပါတယ်။ သို့သော်လည်းပဲ ဒီကနေ့အထိ လယ်ယာမြေမှုခင်းများကို သတ်မှတ်တဲ့ကာလအတွင်းမှာ မပြီးတဲ့အတွက် မလိုလားအပ်တဲ့ပြဿနာတွေ မြောက်မြားစွာပေါ်နေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒါနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနက မည်ကဲ့သို့ စီမံဆောင်ရွက်မလဲဆိုတာနဲ့ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီးတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ဖြေကြားမယ့် ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးခွန်းတွေနဲ့ပတ်သက်ပြီးတော့ အားလုံးကို ကျွန်တော်က ပြန်လည်ပြီးတော့ Statement ကို ပြောကြားမနေဘဲနဲ့ ဒီမေးခွန်းနဲ့ပတ်သက်

တဲ့ အဓိကဖြေကြားရမယ့်အချက်ကိုပဲ ကျွန်တော် ရှင်းလင်းပြီးတော့ ဖြေကြားပါ့မယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးတဲ့မေးခွန်းနဲ့ပတ်သက်တဲ့အဖြေကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးခွန်းပါ လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ အငြင်းပွားမှုများဖြေရှင်းရာတွင် ရပ်ကွက်/ ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့အနေဖြင့် သတ်မှတ်ကာလအတွင်း အမှုများပြီးပြတ်အောင်ဆောင်ရွက်ရန် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်ပါဝင်ဖွဲ့စည်းထားသည့် နေပြည်တော်/ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်မှ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများပါပြဋ္ဌာန်းချက်များနှင့်အညီ ပကတိအခြေအနေမှန်နှင့် တိုက်ဆိုင်စိစစ်ပြီး မှန်ကန်တရားမျှတစွာ သတ်မှတ်ကာလအတွင်း ဖြေရှင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းနှင့် တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များမှ နည်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လစဉ်တင်ပြလာချက်များအပေါ် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ကြီးကြပ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မြောင်မြို့နယ်မှ မူလတောင်သူများပိုင်ဆိုင်ခဲ့သည့် လယ်ယာမြေဧက (၄၀)ခန့်အား သိမ်းဆည်းထားခြင်းအတွက် သက်ဆိုင်ရာတာဝန်ရှိသူများမှ ကွင်းဆင်းစစ်ဆေးကာဥပဒေနှင့်အညီ ဆုံးဖြတ်၍ မူလတောင်သူများအား ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြောင်မဲဆန္ဒနယ်မှ ဦးဌေးငွေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဌေးငွေ(မြောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးငွေ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခု မေးမယ့်မေးခွန်းဟာ မဲဆန္ဒရှင်တောင်သူများရဲ့ တင်ပြချက်အရ မေးမြန်းရခြင်းဖြစ်သလို ယခင် ပြည်ခိုင်ဖြိုး မြောင်မဲဆန္ဒနယ် ကိုယ်စားလှယ်ကြီးရဲ့ မပြီးဆုံးသေးတဲ့လုပ်ငန်းတာဝန်ကို လက်ဆင့်ကမ်း ကြိုးပမ်းမှုတစ်ခုလည်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူများရဲ့ စာပါတင်ပြချက်အရ မြောင်မြို့နယ်မှ မူလတောင်သူများပိုင်ဆိုင်သည့် မြေဧက ၄၀ ခန့်ကို ၁၉၇၈ ခုနှစ်က စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းကျောင်း ဆောက်လုပ်ရန်

အတွက်ဆိုကာ သိမ်းယူခဲ့ပါတယ်။ နိုင်ငံတော်က စီမံကိန်းပျက်သွားလို့ မူလတောင်သူများထံ ပြန်လည်လုပ်စားခွင့် ပြန်ပေးခဲ့သော်လည်း ၁၉၉၄ ခုနှစ်မှာတော့ မြို့နယ် မ.ဝ.တ အဖွဲ့က အစိုးရရဲ့ လူမှုရေးအသင်းကြီးအတွက်ဆိုကာ ထပ်မံသိမ်းယူခဲ့ပြန်ပါတယ်။ နစ်နာကြေး၊ လျော်ကြေးမရခဲ့ပါ။ လက်ရှိမှာတော့ မြေ ၂ ဧကခန့်သာ အဆောက်အအုံဆောက်ထားပြီး ကျန်မြေများမှာ အခုအထိ အသုံးမချသေးပါ။ မူလတောင်သူများက မိမိတို့မြေများ ပြန်လည်ရရှိရေးအတွက် တာဝန်ရှိသူများထံ အကြိမ်ကြိမ်တောင်းဆိုခဲ့သော်လည်း ၂၀၁၃ ခုနှစ်မှာတော့ ၎င်းမြေများကို အဆိုပါအဖွဲ့ကြီးမှ ပုံစံ(၇) ပြုလုပ်ခဲ့ပါတယ်။ ဘယ်တောင်သူမှ မသိလိုက်ပါ။ ယခင်တာဝန်ရှိသူများကတော့ ပုံစံ(၇) လုပ်တာသည် ဥပဒေနှင့်ညီသည်ဟုဆိုသော်ငြားလည်း တောင်သူတွေကတော့ ဥပဒေနှင့်မညီဟု တင်ပြလာပါတယ်။ ယခင်ပြည်ခိုင်ဖြိုး မြောင်မဲဆန္ဒနယ် ကိုယ်စားလှယ်ကြီးကလည်း နစ်နာတဲ့၊ ဆင်းရဲတဲ့တောင်သူများကိုမြေများ ပြန်လည်ရရှိအောင် သူ့ခေတ်၊ သူ့အခါက အမျိုးမျိုးတာဝန်ကျေစွာ ကြိုးစားခဲ့သော်လည်းအခုအချိန်အထိ ပြန်မရခဲ့ပါ။ သို့ဖြစ်ပါ၍ ကျွန်တော် မေးမြန်းလိုသည့်မေးခွန်းမှာ မြောင်မြို့နယ်မှ မူလတောင်သူများပိုင်ဆိုင်သည့် မြေဧက ၄၀ ခန့်အား မူလတောင်သူများထံပြန်လည်ပေးအပ်ရန်အစီအစဉ်ရှိ/မရှိနှင့် ပြန်မပေးနိုင်ရင်လည်း အဘယ်ကြောင့်ဆိုသည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယမေးခွန်းဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဒွေးငွေရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းတဲ့အချက်တွေကို ပြန်ပြီးတော့ ကျွန်တော် ရှင်းလင်းပြောကြားခြင်းမရှိဘဲနဲ့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်ကို အောက်ပါအတိုင်း ကျွန်တော် ပြန်လည်ပြီးတော့ ရှင်းလင်းဖြေကြားအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဒွေးငွေ၏ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ လယ်ယာမြေဧက ၄၀ ခန့်ဆိုသော်လည်း မြေပြင်တွင် ၃၂.၆၅ ဧက

ရှိပြီး ၀.၉၆ ဧကမှာ နှစ် ၃၀ မြေငှားဂရန်ရရှိထားပြီးဖြစ်ခြင်း၊ ၃၁.၇၅ ဧကသည် လယ်ယာမြေလုပ်ပိုင်ခွင့် ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိထားပြီးဖြစ်ခြင်း၊ မြေသိမ်းဆည်းခဲ့သည့်ကာလသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အစိုးရကာလဖြစ်ပြီး ထိုစဉ်က ပြဋ္ဌာန်းထားသည့် ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့အဆင့်ဆင့်တို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်ဥပဒေအရ ဖွဲ့စည်းထားသည့် မြို့နယ် ပြည်သူ့ကောင်စီအဖွဲ့မှ ဆောင်ရွက်ခဲ့သည့်ကိစ္စရပ်ဖြစ်သည့်အတွက် ယခုအသစ်ဖွဲ့စည်းထားသော လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့ တင်ပြဆောင်ရွက်သင့်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဘူးသီးတောင်မြို့နယ် ညောင်ချောင်း-င/လှမ်းပြင် မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်း(၁၁/၄.၇၅) မိုင်အား ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်သောင်းရွှေ(ဘူးသီးတောင်မဲဆန္ဒနယ်)**။ ။လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်တောင်စုဝန်ကြီးများ၊ လေ့လာသူများ အားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းရွှေဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ် တောင်ပိုင်းကျေးရွာများဖြစ်တဲ့ ညောင်ချောင်း၊ ကျွဲကြိုမော်၊ ကျိန်ကျောင်၊ သာစည်၊ မာန်အောင်၊ ဒိုးဝေ၊ စက်ခေါ်၊ င/လှမ်းပြင် စတဲ့ ကျေးရွာတွေဟာ လမ်းပန်းဆက်သွယ်ရေးအနက် ခက်ခဲနေတဲ့အတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အစစအရာရာ အလွန်နိမ့်ကျလျက်ရှိခဲ့ပါတယ်။ ဘူးသီးတောင်သို့ ရေလမ်းခရီးတစ်ခုတည်းကိုသာ အားထားနေရတဲ့အတွက်ကြောင့် ကျန်းမာရေး၊ ဆေးရုံဆေးပေးခန်းသို့ အချိန်မီမသွားရောက်နိုင်ဘဲ လမ်းခုလတ်မှာ သေဆုံးမှုများမကြာခဏဖြစ်ပေါ်လျက်ရှိနေပါတယ်။ တစ်ရွာနှင့်တစ်ရွာ ရွာချင်းဆက်လမ်းမရှိတဲ့အတွက်ကြောင့် သွားလာမှုအလွန်ခက်ခဲလျက်ရှိနေပါတယ်။ ဒါကြောင့် ၂၇-၄-၂၀၁၆ နေ့က ကျွန်တော်ကိုယ်တိုင် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ တာဝန်ရှိသူများနဲ့ ကွင်းဆင်းပြီးတော့ ကျေးရွာလူထုတွေနဲ့ တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပါတယ်။

သို့ဖြစ်ပါ၍ ညောင်ချောင်း-င/လှမ်းပြင်မြေသားလမ်းကို ဖောက်လုပ်ခြင်းအားဖြင့် ဘူးသီးတောင် တောင်ဘက်ကျေးရွာများဖြစ်တဲ့ ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည်တို့ကောင်းမွန်လာမည့်အပြင် အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများမှာ များစွာအထောက်အကူပြုမှာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့်ရဲ့မဲဆန္ဒရှင်ဒေသခံပြည်သူများရဲ့ အမှန်တကယ်လိုအပ်နေမှုကို ဆောင်ရွက်ပေးနိုင်ပါရန် အောက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ် ညောင်ချောင်း-င/လှမ်းပြင်မြေသားလမ်းဖောက်လုပ်ငန်းအား ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မရှိပါက အဘယ်ကြောင့်မရှိသနည်း၊ ရှိပါက မည်သည့်အချိန်တွင် ပြုလုပ်ပေးမည့်အကြောင်းကို ရှင်းလင်းဖြေကြားပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တတိယမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းရွှေရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုရင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအောင်သောင်းရွှေမှ ယခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားစွာဖြင့် ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးပြီးတော့ မေးမြန်းတဲ့ မေးခွန်းအတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်အတွင်းရှိ ညောင်ချောင်း-င/လှမ်းပြင်ကျေးရွာချင်းဆက်လမ်းသည် အရှည် ၁၁ မိုင် ၅ ဖာလုံရှိ လူသွားလမ်းဖြစ်ပြီး ကျေးရွာ ၁၂ ရွာ၊ အိမ်ခြေ ၉၇၄၊ လူဦးရေ ၄၃၈၄ ဦးတို့အား အကျိုးပြုပါသည်။ အဆိုပါလမ်းအား မြေသားလမ်းဖောက်လုပ်ပါက ငွေကျပ် ၂၄၃.၇၈ သန်း၊ ကွန်ကရစ်တံတား ၁၈၀ ပေ တစ်စင်း၊ ၁၅၀ ပေ တစ်စင်း၊ ၁၀၀ ပေ တစ်စင်း၊ ၈၀ ပေ တစ်စင်း၊ ၆၀ ပေ သုံးစင်း၊ ၃၀ ပေ နှစ်စင်း၊ ၁၀ ပေ သုံးစင်းနှင့် ရေပြွန် ၁၃ စင်း တည်ဆောက်ပါက ငွေကျပ် ၈၈၅.၅ သန်း စုစုပေါင်းကျပ်ငွေ ၁၁၂၉.၂၈ သန်းခန့် ကုန်ကျမည်ဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဘတ်ဂျက်လျာထားဆောင်ရွက်ရာမှာ ပြည်နယ်/တိုင်းဒေသကြီးများအတွင်းမှာရှိတဲ့ လူဦးရေအချိုး

**မူကြမ်း**

အစားအရ လျာထားသည့်အပြင် ပြည်နယ်/တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအားလုံးကိုလည်း ပါဝင်လျာထားပါသည်။ ထို့အပြင် ကျေးရွာ၏ လိုအပ်ချက်များအား မြို့နယ်၊ ခရိုင်နှင့် ပြည်နယ်/တိုင်းဒေသကြီးများမှတစ်ဆင့် ထောက်ခံတင်ပြလာမှုများအပေါ်တွင်လည်း ဦးစားပေးအစီအစဉ်အတိုင်း ရွေးချယ်လျာထားပေးပါသည်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းနှင့် ပတ်သက်ပြီးတော့ ဘူးသီးတောင်မြို့နယ်အတွင်းမှာရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၀၉.၉၇၄ သန်းဖြင့် ကံပြင်-ဒုံချောင်းကျေးရွာချင်းဆက်လမ်း ၁ မိုင် ၂ ဖာလုံ ကျောက်ချောလမ်းခင်းခြင်းအား လျာထားဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းလာသော ညောင်ချောင်း-င/လှမ်းပြင် ကျေးရွာချင်းဆက်မြေသားလမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခြင်းမရှိခဲ့ပါ၍ လတ်တလောဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် နှစ်အလိုက်ဦးစားပေးအတိုင်း လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ကင်းတားရေလွှဲဆည်မှ မိတ္ထီလာသို့ သဘာဝအနိမ့်အမြင့်သဘော(Gravity)နှင့်မဟုတ်ဘဲ ရေစုပ်စက်ကြီးများနှင့်အဆင့်ဆင့်စက်ရေတင်၍ ရေပေးဝေရေးစီမံကိန်းပြီးစီးပါက မူလလျာထားခဲ့သော မြေဧက သုံးသောင်းကျော်ကို တကယ် လုံလုံလောက်လောက် ရေပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာလင်းလင်းကျော်(မြစ်သားမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မြစ်သားမဲဆန္ဒနယ်က ဒေါက်တာလင်းလင်းကျော်ပါ။ ကျွန်တော့်အနေနဲ့ အခု ဒီကင်းတားကနေ မိတ္ထီလာကို ရေပေးရတဲ့ စီမံကိန်းကို မေးရတဲ့ရည်ရွယ်ချက်ကတော့ နိုင်ငံတော်ရဲ့ဘဏ္ဍာကို မလေလွင့်ဘဲနဲ့ အကျိုးရှိရှိစိတ်အသုံးချစေနိုင်ဖို့နဲ့ ပြည်သူတွေရဲ့ စိုးရိမ်မှုကို ပြေပျောက်စေနိုင်ဖို့အတွက် ရည်ရွယ်ပါတယ်။ ကျွန်တော်တို့ ဒီပြီးခဲ့တဲ့အစိုးရအဆက်ဆက်လက်ထက်က မိတ္ထီလာလွင်ပြင်ရေရှိရေးဆိုပြီးတော့ ဒီအလွန်ရှုပ်ထွေးပြီးတော့ ခက်ခဲလှ

တဲ့စီမံကိန်းကြီးတွေကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ဒီစီမံကိန်းရဲ့တစ်စိတ်တစ်ဒေသဖြစ်တဲ့ ကင်းတား ကနေပြီးတော့ မိတ္ထီလာကို ရေပေးရတဲ့နေရာမှာ သူကပုံမှန်သဘာဝအနိမ့်အမြင့်သဘောမျိုး (Gravity) နဲ့သွားတာမဟုတ်ဘဲနဲ့ ဒီ Pump Station ကြီးတွေကို Power သွင်းပြီး အဆင့်ဆင့် ရေကိုတွန်းတင်ပြီးတော့ ပေးရတဲ့အတွက်ကြောင့်မို့လို့ ဒီလောင်စာဆီစရိတ်၊ လျှပ်စစ်သွယ်တန်း ရတဲ့စရိတ်၊ လျှပ်စစ်အသုံးပြုရတဲ့စရိတ်၊ ဒီစီမံကိန်းရဲ့ အစအဆုံး ဒီ Rubber Dam တွေ၊ ပို့မြောင်းတွေရဲ့ တည်ဆောက်ရတဲ့စရိတ်၊ ထိန်းသိမ်းရတဲ့စရိတ်က အလွန်ဈေးကြီးလှတဲ့အတွက် ကြောင့်မို့လို့ ဒီမြစ်ရေတင်၊ စက်ရေတင်ရတဲ့ စီမံကိန်းတွေဟာ ဆက်လက်ရပ်တည်ဖို့၊ လည်ပတ်ဖို့ ခက်ခဲနေတယ်လို့ ကျွန်တော် လေ့လာသိရှိရပါတယ်။ နောက်တစ်ချက်ကတော့ ဒီမူလစီမံကိန်းမှာ လျာထားထားတဲ့ ဧက ၃၃၀၀၀ ကျော်ကို အမှန်တကယ်ရေပေးဝေနိုင်ခြင်းရှိ/မရှိကိုလည်း ကျွန်တော် သံသယဖြစ်မိပါတယ်။ ဒါ့အပြင် ဒီကင်းတားဆည်ကြီးက မြို့နယ်လေးမြို့နယ်က ဆည်ရေသောက်ရပါ တယ်။ ကျွန်တော့်မဲဆန္ဒနယ် မြစ်သားအပါအဝင် တံတားဦး၊ ဝမ်းတွင်း၊ ကျောက်ဆည် လေးမြို့နယ် ဆည်ရေသောက်ရပါတယ်။ အဲဒီတော့ ဒီလေးမြို့နယ်က ပြည်သူတွေကလည်း နဂိုတည်းကမှ ဒီကင်းတားထဲ ရေဝင်လို့ ရေမရ၊ ရေမဝဖြစ်နေရတဲ့အထဲ သူတို့ထဲကနေပြီးတော့ ရေထပ်ခွဲပေးရ မလားဆိုတဲ့ စိုးရိမ်သောကတွေကလည်း တိုးပွားလျက်ရှိပါတယ်။ ဒီမိတ္ထီလာလွင်ပြင်ဆိုတဲ့ ဧက ၃၃၀၀၀ ကျော်ကို ရေပေးနိုင်တဲ့ စီမံကိန်းကလည်း တော်တော်ကို ရှုပ်ထွေးပြီး၊ တော်တော်ကို ဝေးလံပြီးတော့ တော်တော်ကို ခက်ခဲတဲ့ စီမံကိန်းဖြစ်ပါတယ်။ ဒါကိုမြင်သာအောင် Power Point အသုံးပြုခွင့်ပေးပါ။

ကျွန်တော်တို့ ဒီရှမ်းပြည်နယ်၊ ရပ်စောက်မြို့နယ်က ကျိုင်းခမ်းလို့ခေါ်တဲ့ ခုဆောက်လက်စဆည် အပါအဝင် တခြားဆည်ထဲက ရေတွေကိုစုပြီးတော့ ဝေးလံစွာနဲ့သယ်ပြီး မြို့ကြီးဆည်ထဲကို ရေထည့် မယ်။ အဲဒီမြို့ကြီးဆည်ကနေပြီးတော့ မြောင်းမတော်(၁)၊ မြောင်းမတော်(၁)ကနေ ကင်းတားလက်ယာ ရေသောက်စနစ်ထဲကို ရေချပေးတယ်။ အဲဒီလိုရေချပေးလိုက်ရတဲ့အတွက်ကြောင့်မို့လို့ ဒီအကြွေး ပြန်ယူတဲ့သဘောနဲ့ ကင်းတားဆည်ထဲကနေပြီးတော့ ရေကို Pump Station ကြီးတွေနဲ့ ဟိုးတစ်နေရာ ကနေ တစ်နေရာ ရေတွန်းပို့ပြီး ရေပေးဝေရတဲ့စီမံကိန်းကိုကြည့်တော့ ကျွန်တော်ဘာသွားသတိရလဲဆို တော့ စာရေးဆရာကြီးဦးအောင်သင်း ပြောခဲ့တာကို သွားသတိရပါတယ်။ ဆရာကြီးက ဘယ်လို ပြောလဲဆိုတော့ ငါအောင်သင်း ရေခဲရောင်းမယ်၊ ရေခဲတစ်တန် တစ်ကျပ်၊ ကြိုက်သလောက်ယူ လိုသလောက်ယူ ငါအောင်သင်း ရေခဲရောင်းမယ်ဆိုတော့ စီးပွားရေးသမားတွေက ဝမ်းပမ်းတသာနဲ့

ဆရာကြီး ကျွန်တော်တို့ ရသလောက်ယူပါမယ်။ လိုသလောက် ကျွန်တော်တို့ ငွေအကျေချေပါ့မယ်။ ဘယ်သွားယူရမလဲဆိုတော့ ဟိုးတောင်ဝန်ရိုးစွန်းသွားယူလေကွာလို့ ဖြေသလို ဒီရေခဲတစ်တန် တစ်ကျပ်ရဖို့အတွက် တောင်ဝန်ရိုးစွန်းသွားယူရသလိုမျိုး ဒီမိတ္ထီလာလွင်ပြင်လို့ခေါ်တဲ့နေရာကို ရေရဖို့ အတွက် ဟိုးဝေးလံလှတဲ့ ရှမ်းပြည်နယ်၊ ရပ်စောက်ကနေပြီး ရေအဆင့်ဆင့်သွယ်ယူရတဲ့ စီမံကိန်းဟာ ဆင်ဖိုးထက် ချွန်းဖိုးဈေးကြီးနေမှာကို စိုးရိမ်မိတာကတစ်ကြောင်း၊ နိုင်ငံတော်ရဲ့ဘဏ္ဍာကို အကျိုးရှိရှိ စိစစ်အသုံးချစေလိုတာကတစ်ကြောင်း၊ ဒီကင်းတားဆည်ရေသောက် လေးမြို့နယ်က ပြည်သူတွေရဲ့ စိုးရိမ်သောကကို ပြေပျောက်စေလိုတာကတစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးခွန်းမေးမြန်းလိုတာကတော့ မေးခွန်းနံပါတ်(၁) ကင်းတားရေလှောင်ဆည်မှ မိတ္ထီလာသို့ သဘာဝအနိမ့် အမြင့်သဘော(Gravity)နှင့် မဟုတ်ဘဲ ရေစုပ်စက်ကြီးများနှင့် အဆင့်ဆင့်စက်ရေတင်၍ ရေပေးဝေ ရေး စီမံကိန်းပြီးဆုံးပါက မူလလျာထားခဲ့သော မြေဧက ၃၃၀၀၀ ကျော်ကို အမှန်တကယ် လုံလုံ လောက်လောက်ရေပေးဝေနိုင်ခြင်းရှိ/မရှိ၊ မေးခွန်းနံပါတ်(၂) စီမံကိန်းဆက်လက်ဆောင်ရွက်ရန်စရိတ်၊ ရေပေးဝေရန် စက်ရေတင်ရသောစရိတ်နှင့် အထွေထွေပြုပြင်ထိန်းသိမ်းရန်စရိတ် စတဲ့ကုန်ကျစရိတ် များနှင့် ယှဉ်လျှင် ဒီရရှိလာသောအကျိုးအမြတ်က အကျိုးဖြစ်ထွန်းမှု အမှန်တကယ်ဖြစ်ထွန်းမှုရှိ/မရှိ၊ မေးခွန်းနံပါတ်(၃) တကယ်လို့ ဆက်လက်ဆောင်ရွက်ရန် အကျိုးမရှိဘူးဆိုပါက စီမံကိန်းကို အမြန် ရပ်ဆိုင်းပြီး မြို့ကြီးတမံမှရေကို ကင်းတားရေသောက်ဧရိယာမှာ ရေလုံလောက်စွာမရရှိနေသော Old ဧရိယာ ၄၀၀၀၀ ကျော်၊ Old ဧရိယာဆိုတာက မြောင်းစနစ်တွေ၊ ရေသောက်စနစ်တွေကို အကုန်ပြီး ပြီးသား ဧက ၄၀၀၀၀ ကျော်ကို အားဖြည့်ရေပေးရန် အစီအစဉ်ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်း အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကျွန်တော့်အနေနဲ့ စတုတ္ထမေးခွန်းဖြစ်တဲ့ မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလင်းလင်းကျော်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီးတော့

ဖြေကြားရမယ်ဆိုလို့ရှိရင်တော့ ဒီမေးခွန်းသည် အလွန်ပဲ Logical ကျတယ်၊ Sensible ဖြစ်တဲ့မေးခွန်းတစ်ခုဖြစ်တယ်။ ဒီဥစ္စာက နိုင်ငံတော်ရဲ့ ဘတ်ဂျက်တွေကို Long Term မှာ Sustainable ရှိ/မရှိ၊ သဘာဝ Gravity နဲ့ သွားရမယ့်ရေလမ်းကြောင်းကို ကျွန်တော်တို့က ဆန့်ကျင်ပြီးတော့ လျှပ်စစ်နှင့် ရေတင်စီမံကိန်းတွေ ၂၆ ခုနဲ့ လုပ်ပြီးတော့ သွားရတဲ့အနေအထားမှာ ဒီဖြေကြားထားတဲ့ဟာကို ပြန်ပြီးတော့ ရှင်းလင်းပြောကြားရာတွင် ပြောပြီးရင် ဒီဆက်လက်မေးထားတဲ့ မေးခွန်းကို ကျွန်တော် ဆက်လက်ဖြေကြားမှာ ဖြစ်ပါတယ်။ ဒီတော့ ဒီမေးခွန်းနှင့် ပတ်သက်ပြီးတော့ ဖြေကြားတဲ့အကြောင်းအရာကို ဖတ်ကြားရမယ်ဆိုရင် မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမဲဆန္ဒနယ် ဒေါက်တာလင်းလင်းကျော်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီးတော့ မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မိတ္ထီလာလွင်ပြင်ဒေသဖြစ်တဲ့ ဝမ်းတွင်းမြို့နယ်၊ သာစည်မြို့နယ်များမှာ မိုးနည်းရေရှားပြီး ပူပြင်းခြောက်သွေ့တဲ့ဒေသဖြစ်သဖြင့် ၂၀၀၄-၂၀၀၅ ခုနှစ်မှစတင်ပြီးတော့ မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေးစီမံကိန်းမှာ အပိုင်း သုံးပိုင်းပါဝင်ပါသည်။

(၁) ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရွာငံမြို့နယ်အတွင်းရှိ မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်းဆောင်ရွက်ခြင်း၊

(၂) ကင်းတားရေလွှဲဆည်မှ လျှပ်စစ်ရေတင်စီမံကိန်းဆောင်ရွက်ခြင်း၊

(၃) ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်အတွင်းရှိ ကျိုင်းခမ်းရေလှောင်တမံဘက်စုံဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။

ဇော်ဂျီမြစ်ပေါ်မှာရှိတဲ့ ဇော်ဂျီရေလှောင်တမံကို ၁၉၉၇-၁၉၉၈ ခုနှစ်မှာ တည်ဆောက်ပြီးတော့ ရေအားလျှပ်စစ် ၁၂ မဂ္ဂါဝပ်ထုတ်လုပ်ပြီးတော့ ရှေးယခင်ကတည်းက ဆောက်လုပ်ထားတဲ့ ရေလွှဲဆည်အဆင့်ဆင့်ဖြင့် ဆည်ရေသောက်ဧရိယာ ၈၂၀၀၀ ဧကခန့်အား ဆည်ရေပေးဝေခဲ့ပါတယ်။ ဒီ့နောက်မှာ ဇော်ဂျီရေလှောင်တမံမှ ပိုလျှံလာတဲ့ စီးဝင်ရေများကို ပိုမိုထိန်းညှိသိုလှောင်ပြီး ဇော်ဂျီမြစ်ရေကြီးရေလျှံမှုမှကာကွယ်ရန်၊ ဇော်ဂျီရေသောက်စနစ်သို့ ရေကူဖြည့်တင်းပေးရန်၊ ရေအားလျှပ်စစ် ၃၀ မဂ္ဂါဝပ်ထုတ်လွှတ်ရန် ကင်းတားဆည်ရေသောက်စနစ်သို့ ရေကူဖြည့်တင်းရန်နှင့် ကင်းတားရေလွှဲဆည်မှတစ်ဆင့် လျှပ်စစ်ရေတင်စနစ်ဖြင့် မိတ္ထီလာလွင်ပြင်ရှိ စိုက်ပျိုးမြေများအား ဆည်ရေပေး

ဝေခြင်းဖြင့် ဒေသစိမ်းလန်းစိုပြည်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဇော်ဂျီတမံ၏အောက်ဘက်တွင် မြို့ကြီးရေလှောင်တမံကို ၂၀၁၅ ခုနှစ်၌ တည်ဆောက်ပြီးစီးခဲ့ပါတယ်။ ဇော်ဂျီရေလှောင်တမံရဲ့အထက်ဘက်မှာ တည်ဆောက်ဆဲဖြစ်သော ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့ ရှမ်းပြည်နယ်မှာရှိတဲ့ ကျိုင်းခမ်းရေလှောင်တမံကိုလည်း နှစ်အလိုက်လိုအပ်ချက် ရန်ပုံငွေတင်ပြတောင်းခံပြီးတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ အပြီးတည်ဆောက်သွားရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါတယ်။

ကျိုင်းခမ်း၊ ဇော်ဂျီနှင့် မြို့ကြီးရေလှောင်တမံများမှ စုစုပေါင်း ရေဧကပေ ၁၁.၅ သိန်းခန့် သိုလှောင်နိုင်မည်ဖြစ်သည့်အတွက် မူလရှိပြီး ဇော်ဂျီဆည်ရေသောက်စနစ်သို့ ရေပိုမိုဖြည့်တင်းပေးဝေနိုင်မည့်အပြင် မြို့ကြီးမြောင်းမတော်အမှတ်(၁)မှတစ်ဆင့် ကင်းတားလက်ယာမြောင်းမကြီးထဲသို့ ရေကူးဖြည့်တင်းပြီးတော့ ပြောင်းပြာနှင့်ငလိုင်းဇင်ရေသောက်ဧရိယာအဖျားပိုင်းရှိ ၁၄၀၀၀ ဧကခန့်အား ရေပိုမိုတိုးချဲ့ပေးဝေနိုင်မည်ဖြစ်ပါတယ်။ ထို့အပြင် ကင်းတားရေလွှဲဆည်မှ ကင်းတားလက်ယာမြောင်းသို့ ရေခွဲဝေပေးရန် မလိုတော့သည့်အတွက် ကင်းတားလက်ဝဲမြောင်းနှင့် ပန်းလောင်ရေသောက်စနစ်တို့ရှိ ရေသောက်ဧရိယာအဖျားပိုင်း ၂၆၅၀၀ ဧကခန့်အား ပိုမိုတိုးချဲ့ရေပေးဝေနိုင်တော့မည်ဖြစ်သည့်အတွက် ကင်းတားဆည်ရေသောက်ဧရိယာအတွင်းရှိ မူလက ရေပေးဝေနိုင်ခြင်းမရှိခဲ့သော မြောင်းဖျားပိုင်း စိုက်ပျိုးမြေဧရိယာ ဧက ၄၀၀၀၀ ကျော်ခန့်အား ပိုမိုတိုးချဲ့၍ ရေပေးဝေနိုင်မည်ဖြစ်ပါတယ်။

ထို့နောက် ကင်းတားရေလွှဲဆည်မှတစ်ဆင့် မြို့ကြီးမြောင်းမတော်အမှတ်(၂) ရေမြောင်းသို့ လျှပ်စစ်ရေတင်စနစ်ဖြင့် မိုင်းမောဒေသရှိ စိုက်ပျိုးမြေဧက ၃၀၀၀ အား ရေပေးဝေနိုင်ရေးအတွက် ရေသောက်စနစ်များ ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ မြောင်းမတော်အမှတ်(၂)မှ ကင်းတားလက်ဝဲမြောင်းထဲသို့ ပေါင်းစုံစီးဝင်စေပြီး စမုံချောင်းအတွင်းရှိ ရာဘာရေလွှဲဆည်ထဲသို့ ဆက်လက်စီးဝင်စေကာ မိတ္ထီလာလွင်ပြင်ဒေသအတွင်းရှိ စိုက်ပျိုးမြေဧရိယာ ၃၀၀၀၀ ဧကခန့်အား လျှပ်စစ်ရေတင်စနစ်ဖြင့် ရေပေးဝေနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိပြီး အဆိုပါလျှပ်စစ်ရေတင်လုပ်ငန်းများအား နှစ်အလိုက်လိုအပ်ရန်ပုံငွေ တင်ပြတောင်းခံ၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်သွားရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေးစီမံကိန်းလုပ်ငန်းများမှာ မိုးနည်းရေရှားပြီးတော့ ပူပြင်းခြောက်သွေ့သော မိတ္ထီလာလွင်ပြင်ကဲ့သို့ ဒေသများအတွက် လွှတ်တော်ကိုယ်စားလှယ်

ကြီးဆွေးနွေးတဲ့ ကျွန်တော်တို့လည်း ဒီလိုပဲ အထင်အမြင်နဲ့ စီးပွားရေးဆိုင်ရာအကျိုးအမြတ်ထက် လူမှုရေးဆိုင်ရာအကျိုးအမြတ်ကို အဓိကထားတွက်ချက်၍ မရှိမဖြစ်လိုအပ်သော စိုက်ပျိုးရေနှင့် သောက်သုံးရေရရှိစေရန်နှင့် ဒေသစိမ်းလန်းစိုပြည်ပြီးတော့ ရာသီဥတု သမမျှတစေရန် ဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်းနှင့် ဤစီမံကိန်းလုပ်ငန်းများအားလုံး ပြီးစီးပါက မိတ္ထီလာလွင်ပြင်ဒေသ စိမ်းလန်းစိုပြည်စေမည့်အပြင် ကင်းတားဆည်ရေသောက်ဧရိယာအတွင်း မူလက မြောင်းဖျားပိုင်းဧရိယာရှိ ရေပေးဝေနိုင်ခြင်းမရှိခဲ့သည့် မြောင်းဖျားပိုင်းစိုက်ပျိုးမြေဧက ၄၀၀၀၀ ကျော်အားလည်း စိုက်ပျိုးရေတိုးချဲ့ပေးဝေနိုင်မည်ဖြစ်ပါသဖြင့် အမှန်တကယ် အကျိုးဖြစ်စေနိုင်မည့်လုပ်ငန်းများဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာလင်းလင်းကျော်(မြစ်သားမဲဆန္ဒနယ်)**။ ။ ကျွန်တော်ဒီမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ပိုမိုရှင်းလင်း စေရန်အတွက် တစ်ဆက်တစပ်တည်း မေးခွန်းမေးခွင့်ပြုပါခင်ဗျာ။ ကျွန်တော် ဒီလိုဆက်လက်လုပ်ဆောင်တာက စီးပွားရေးအရမဟုတ်ဘူးဆိုတဲ့အဖြေကို ကျွန်တော်က ပြည်သူပြည်သားတွေကောင်းကျိုးအတွက်ကတော့ မူအရဖြင့်တော့ လက်ခံကြိုဆိုရမှာဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်သိချင်တဲ့ မေးလိုတဲ့မေးခွန်းကတော့ ဒီစီမံကိန်းဟာ လုပ်သင့်တယ်၊ အကျိုးရှိတယ်ဆိုလို့ရှိရင် ကျွန်တော်တို့ Cost Per Acre လိုဟာမျိုး၊ တစ်ဧကကို ဘယ်လောက်ကျမယ်၊ တစ်နှစ်ကို ဘယ်လောက် ကျမယ်ဆိုတာမျိုး တွက်ချက်ထားတာရှိပါသလား၊ တကယ်လို့ Cost Per Acre တွက်ချက်ထားတာ ရှိတယ်ဆိုရင် ဒီစီမံကိန်းကြီးတစ်ခုလုံးဟာ ဘယ်နှစ်နှစ်နေရင် အရင်းကျေပါမလဲ၊ တကယ်လို့ ဒီ Cost Per Acre လုံးဝတွက်ချက်ထားတာ မရှိဘူးဆိုလို့ရှိရင် ဒီစီမံကိန်း လည်ပတ်တိုင်း၊ လည်ပတ်တိုင်း ဟိုးအပေါ်ကနေ အောက်ဆုံးအထိ လည်ပတ်တဲ့စရိတ်တွေက နိုင်ငံတော်က အမြဲတမ်းအရှုံးခံပြီး နှစ်တိုင်းနှစ်တိုင်း ကျခံပေးနေရမှာလား၊ ဒီမေးခွန်းကို မေးလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီး ထပ်ဆင့်ပြီးတော့ မေးတဲ့မေးခွန်းဟာ အလွန်ကိုကျွန်တော်တို့ နိုင်ငံရဲ့ Cost Effective၊ Cost Efficiency ပေါ့ဗျာ။ ဒီဟာကို ရည်ရွယ်ပြီးမေးတာဖြစ်တဲ့အတွက် အလွန်ကို ကျွန်တော်တို့ စဉ်းစားပြီးတော့၊ ဆုံးဖြတ်ပြီးတော့ ဆက်လက်ဆောင်ရွက်ရမယ့် အလုပ်ဖြစ်ပါတယ်။

လက်ရှိအနေအထားမှာတော့ ဒီဆည်တွေရဲ့ သူတို့ရဲ့ရေပေးစနစ်တွေသည် EIA, SIA စတဲ့ အဲဒီကာလ တုန်းက ဒီလိုမျိုး တိုင်းတာပြီးတော့ အကျိုးရှိအောင် Social Impact, Enviromental Impact တွေအကျိုးရှိအောင် တိုင်းတာခဲ့ခြင်းမရှိဘူးလို့ ဒီဌာနရဲ့ တာဝန်ရှိသူတွေရဲ့ ပြောကြားချက်ကို အဲဒီကာလရဲ့ အနေအထားအရ သူက ဒေသရဲ့ရေလိုအပ်ချက် သောက်သုံးရေနဲ့ စိုက်ပျိုးရေလိုအပ် ချက်လောက်ကိုပဲ ထည့်သွင်းစဉ်းစားပြီးတော့ ဒီကုန်ကျစရိတ်အပေါ်မှာ ထည့်သွင်းမစဉ်းစားပဲနဲ့ ဒီလိုမျိုးလူတွေရဲ့ လိုအပ်ချက်ကိုပဲ စဉ်းစားခဲ့တဲ့အတွက် ဒီလိုမျိုး Cost နဲ့ပတ်သက်တဲ့ဟာ ကျွန်တော်တို့ တိုင်းပြည်ရဲ့ဆင်းရဲတဲ့ကာလမှာ စဉ်းစားသင့်ပြီဆိုတဲ့ အနေအထားမှာတော့ ဒီမေးခွန်းဟာ အလွန်ကောင်းတဲ့မေးခွန်းဖြစ်တဲ့အတွက် ဒါနဲ့ပတ်သက်ပြီး ဆက်လက်ပြီးတော့ ဒီ Cost Effective ဖြစ်/မဖြစ်ကို ကျွန်တော်တို့ တိုင်းတာပြီးတော့ တစ်ဇကကုန်ကျစရိတ်က ဘယ်လောက်ထိ ကျွန်တော်တို့ ရေရှည် Sustainable နိုင်ငံတော်အတွက် ကော၊ ဒေသအတွက်ကော ဘယ်လောက်ဖြစ်မယ်ဆိုတာကို ဆက်ပြီးတော့ လေ့လာသွားမယ်။ လေ့လာပြီးတော့ အလုပ်မဖြစ်ဘူးဆိုရင်တော့ ဒီဥစ္စာဘယ်သူ့ အတွက်မှ အကျိုးမရှိဘူးဆိုရင် တော့ဒီဥစ္စာကို နိုင်ငံတော်အတွက် ဒါဆက်ပြီးတော့ ဒီဥစ္စာကို အရှုံးခံပြီးတော့ လုပ်မယ့်အစား အကျိုးရှိ တဲ့လုပ်ငန်းတွေ သောက်သုံးရေလောက်ပဲ ရှိတဲ့ဟာတွေ ပေါ့ဗျာ။ ဒီလိုမျိုးတွေ ကျွန်တော်တို့ ဆက်ပြီးတော့ ဒီလိုအလားတူ ကိစ္စမျိုးဟာ ကျွန်တော်တို့ တိုင်းပြည်တစ်နံ့တစ်လျှာမှာ ဆည်ပေါင်း ၅၀၀ ကျော်ရှိပါတယ်။ ၅၀၀ ကျော်ဟာလည်း ပြီးခဲ့တဲ့ခေတ်ကာလအနေအထားအရ တစ်လတစ်စင်းကို မဖြစ်မနေ ဆောက်ရမယ်ဆိုတော့ ဆည်ဆောက်ပြီးတော့ မြောင်းမရှိတဲ့ဟာမျိုးတွေ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးပြောတာထက် ဆိုးတဲ့ဆည်ရှိပြီးတော့ မြောင်းမရှိတဲ့ဟာတွေကလည်း ထုနဲ့ဒေးနဲ့ ဒီထက်ဆိုးတဲ့ဟာတွေ ရှိခဲ့ပါတယ်။ ဆည်ဆောက်သော်လည်း ဆည်ဆောက်ခြင်းသည် ကျွန်တော်တို့က များသောအားဖြင့် EIA,SIA ထက် ကိုယ်ကျိုးစီးပွားကို ရှေးရှုပြီးဆောက်ခဲ့တဲ့ဆည်များလည်း ရှိပါတယ်။ ဒီတောတွေ၊ တောင်တွေကို မက်လုံးထားပြီးတော့ တောတွေ၊ တောင်တွေကို မြင်ပြီးတော့ ဆည်ဆောက်တဲ့ဟာတွေလည်း ကျွန်တော်တို့မှာ အတွေ့အကြုံအများကြီးရှိပါတယ်။ ဒီဆည်တွေနဲ့ပတ်သက်တဲ့ အတွေ့အကြုံတွေက တော်တော်ခါးသီးတဲ့ အတွေ့အကြုံတွေ ပြီးတဲ့ကာလက ပြီးသွားပြီ။ ဒီဟာတွေက ရှေ့ဆက်ပြီးတော့ ဒီလိုလွှတ်တော်ကိုယ်စားလှယ်တော်ကြီးဆွေးနွေးတဲ့ ဟာတွေမှာ တိုင်းပြည်အတွက် အကျိုးမရှိဘူး ဆိုရင်တော့ ဒီသုံးသပ်ပြီး ဒီဥစ္စာကိုကျွန်တော်တို့ ပြင်ဆင်ဖို့ပါပဲ။ လောလောဆယ်တော့ ကျွန်တော်တို့

မြစ်ရေတင်စီမံကိန်းတွေဟာလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသလိုပဲ မြစ်ရေတင်စီမံကိန်းဟာ သဲထဲရေသွန်စီမံကိန်းတွေ အညာဒေသမှာ အလုပ်မဖြစ်တော့ အခု လောလော ဆယ် ၃၀၀ ကျော်သော မြစ်ရေတင်စီမံကိန်းမှာ ၁၇၀ ရပ်ဆိုင်းခဲ့ပြီးဖြစ်ပါတယ်။ အလွန်ကောင်းတဲ့မေးခွန်းဖြစ်တဲ့အတွက် ဒါနဲ့ပတ်သက်လို့ တခြားသော ဆည်များမှာလည်း ဒီလိုမျိုး Cost Effective မဖြစ်ရင်၊ ရေရှည်မခံရင်၊ Sustainable ဖြစ်ရင်၊ တိုင်းပြည်အတွက် အကျိုးမရှိရင်လည်း ကျွန်တော်တို့က ဘယ်လိုဖြစ်နိုင်တယ်ဆိုတာကို ကျွန်တော်တို့က Terms ဖွဲ့ပြီးတော့ စာ Survey ဆင်းပြီးတော့ ဒီလိုဟာမျိုး ဆက်လက်ပြီးတော့ သုံးသပ်ပြီးတော့ တိုင်းပြည်အကျိုး ပေါ့နော် ကျွန်တော်တို့အားလုံးအတွက်ကို ကုန်ကျစရိတ်သက်သာတဲ့ဟာမျိုးကို ဆက်လက်ပြီးဆောင်ရွက်သွားဖို့ ကျွန်တော် ကတိပြုပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဤကိစ္စနှင့်ပတ်သက်ပြီး အခုနပြောသလို သက်ဆိုင်ရာဝန်ကြီး ဌာနကပြောသလို EIA,SIA တိုင်းတာတွက်ချက်မှုလည်းမရှိဘူး။ Cost Effective ကလည်း ဘယ်လိုဖြစ်မှန်းမသိဘူး။ နောက်တစ်နေ့ကရေရှည်မှာ Sustainable ဖြစ်/မဖြစ်ဆိုတာလည်း မသေချာဘူးဆိုတော့ အဲဒီကိစ္စကို ဆက်လက်ပြီးတော့ စဉ်းစားဆောင်ရွက်မယ်ဆိုတာ အားလုံးစုံစမ်း လေ့လာဆုံးဖြတ်ပြီးရင် လွှတ်တော် ကို ပြန်လည်တင်ပြပေးရန် ဒါလွှတ်တော်အနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနကို ပြောကြားအပ်ပါတယ်။

**ကျောက်ဖြူမြို့နယ်၊ ဒိုးမတောင်ချောင်းကို ဒိုးမတောင်ချောင်းပိတ်ကာရီကို တည်ဆောက်ပေးပါမည်လား၊ တည်ဆောက်ပေးမည်ဆိုပါက မည်သည့်အချိန်ကာလတွင် တည်ဆောက်ပေးမည်၊ မတည်ဆောက် ပေးပါက မည်သည့်အကြောင်းကြောင့် မတည်ဆောက်ပေးသည်တို့ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်ဖြူမဲဆန္ဒနယ်က ဦးဘရှိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန် ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တာတမံကိစ္စနှင့်ဆိုင်တဲ့မေးခွန်းတွေ မေးမြန်းလိုပါ တယ်။ ကျွန်တော်တို့ ကျောက်ဖြူမြို့နယ်ဟာ ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ကုမ္ပဏီများနှင့်

အထူးစီးပွားရေးဇုန်လုပ်ငန်းများ လိုအပ်ချက်အရ လယ်မြေအပါအဝင် မြေနေရာအများအပြားကို အသုံးပြုနေတဲ့ ဒေသဖြစ်ပါတယ်။ ကျောက်ဖြူမြို့နယ်ဟာ ပင်လယ်၊ မြစ်၊ ချောင်း၊ မြေနိမ့်မြစ်ဝှမ်းတွေ ရှိတဲ့ မြို့နယ်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်ဖြူမြို့နှင့် ၁၂ မိုင်လောက်ဝေးတဲ့ ဒိုးမတောင်ချောင်းဆိုတာ ရှိပါတယ်။ ဒီချောင်းကို ရခိုင်အခေါ် ကာရီ၊ မြန်မာအခေါ် တာတမံ ဆည်ဖို့လိုတဲ့ လိုအပ်ချက်ကို ပြီးခဲ့တဲ့ နှစ်ပေါင်း ၃၀ ကျော် ပြည်သူ့ကောင်စီခေတ်တုန်းကပဲ ဒေသခံပြည်သူတွေဟာ အထူးစိတ်ဝင်စား လိုလားလျက်ရှိနေကြပါတယ်။ ဒိုးမတောင်ချောင်းကိုပိတ်ပြီး ဆည်တည်ဆောက်ပါက လုပ်ငန်းပမာဏ နဲ့ကုန်ကျမယ့်ခန့်မှန်းခြေတို့ကို Power Point နဲ့ တင်ပြလိုပါတယ်။ ဒါကတော့ ကျွန်တော် လွှတ်တော် သို့တင်ပြတဲ့ ဒိုးမတောင်ချောင်း ပတ်ဝန်းကျင်ကို ကောင်းကင်ဓာတ်ပုံအရ တွေ့မြင်ရတယ်။ မြစ်ချောင်း တွေအင်မတန်များနေတဲ့ဒေသ ဖြစ်ပါတယ်။ ဒီပုံကတော့ ဒိုးမတောင်တာတမံ တည်ဆောက်မယ့်နေရာ အနီးမှာရှိကြတဲ့ ကျေးရွာတွေ တာပေါင်တည်ဆောက်ရမယ့်နေရာနဲ့ ရေတံခါးတည်ဆောက်ရမယ့်နေရာ တွေကို ဖော်ပြထားတဲ့ပုံဖြစ်ပါတယ်။ ပုံမှာရည်ညွှန်းထားသလို ဒိုးမတောင်ရွာရဲ့အနီးမှာ ချောင်းမကြီးကို ပိတ်ပြီး တာတည်ဆောက်မှာဖြစ်ပါတယ်။ ရေတံခါးတွေကိုတော့ ပုံမှာဖော်ပြထားသလိုပဲ တလင်းကြီး ချောင်းဘက်မှာ တည်ဆောက်ရမယ်လို့ သိရပါတယ်။ ဒီပုံကတော့ ကျွန်တော်တင်ပြနေတဲ့ ဒိုးမ တောင်ချောင်း ချောင်းပိတ်တာတမံဆည်ဖို့ဖြစ်ရင် လုပ်ကိုင်ရမယ့်လုပ်ငန်းပမာဏနဲ့ ကုန်ကျမယ့် ငွေကြေးတွေကို အကြမ်းဖျင်းဖော်ပြထားတာ ဖြစ်ပါတယ်။ ချောင်းပိတ်မယ်၊ ရေတံခါးတွေလုပ်မယ် စုစုပေါင်း ငွေကျပ်သန်းပေါင်း ၁၃၂၇ သန်းခန့် ကုန်ကျမယ်လို့ သိရပါတယ်။ ဒါက ခန့်မှန်းတင်ပြတဲ့ တင်ပြချက်တွေ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ဒီတာကို ဆယ်လိုက်လို့ရှိရင် နံပါတ် ၁ ဒိုးမတောင်ကျေးရွာအုပ်စု၊ နံပါတ် (၂) ဆင်ဘုတ်ကျေးရွာအုပ်စု၊ နံပါတ် (၃) သိုင်းချောင်းကျေးရွာအုပ်စု၊ နံပါတ် (၄) ကပ်သပြေ ကျေးရွာအုပ်စု၊ နံပါတ်(၅) ကြတ္တိန်ကျေးရွာအုပ်စု၊ နံပါတ် (၆) ဦးကင်းကျေးရွာအုပ်စုရှိ ကျေးရွာ တွေကလည်း လယ်သမားတွေလုပ်ကိုင်နေကြတဲ့ လယ်မြေဧကပေါင်းများစွာကို ရေငန်ဝင်ရောက် ခြင်းအန္တရာယ်က ကာကွယ်နိုင်မှာဖြစ်ပါတယ်။ လယ်သမားတွေလုံခြုံစိတ်ချစွာ လယ်ယာလုပ်ငန်း လုပ်ကိုင်နိုင်ကြမှာဖြစ်ပြီးတော့ နွေ၊ ဆောင်းရာသီတွေမှာလည်း ရေချိုရေပေးဝေနိုင်တဲ့ စိုက်ခင်းတွေ လုပ်ကိုင်နိုင်ကြမှာ ဖြစ်ပါတယ်။ ဒါကြောင့် မေးမြန်းလိုတဲ့ မေးခွန်းတွေကတော့ (၁) ကျောက်ဖြူမြို့နယ်

ဒိုးမတောင်ချောင်းကို ချောင်းပိတ်တာတမံပြုလုပ်ပေးပါက ချောင်းအထက်ပိုင်းရှိ လယ်မြေများကို ရေငန်ဝင်ရောက်ခြင်း ဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်မည် ဖြစ်သည်ဆိုသည်မှာမှန်ပါသလား၊ (၂) ဒိုးမတောင်ချောင်းပိတ် ကာရီတာတမံတည်ဆောက်သင့်သည့်နေရာနှင့် အမှန်တကယ် တည်ဆောက်ပါက လုပ်ကိုင်ရမည့် လုပ်ငန်းနှင့် ကုန်ကျမည့်ငွေကြေးများကို စိစစ်တွက်ချက်ပေးပါမည်လား၊ (၃) ဒိုးမတောင်ချောင်း ကာရီတာတမံတည်ဆောက်ခြင်းအားဖြင့် ချောင်းအထက်ပိုင်းရှိ ကျေးရွာအုပ်စု ခြောက်ခုမှ လယ်သမားများ လုပ်ကိုင်နေကြသည့် လယ်မြေဧက မည်မျှကို ရေငန်ဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ပါမည်နည်း။ (၄) နိုင်ငံတော်က ဒိုးမတောင်ချောင်းပိတ် ကာရီတာတမံတည်ဆောက် ပေးပါမည်လား။ တည်ဆောက်ပေးမည်ဆိုပါက မည်သည့်အချိန်ကာလတွင် တည်ဆောက်ပေးမည် ဖြစ်ကြောင်းနှင့် မတည်ဆောက်ပေးနိုင်ပါက မည်သည့်အကြောင်းကြောင့် မတည်ဆောက်ပေးနိုင် သည်ကို သိလိုပါကြောင်းဆိုတဲ့ မေးခွန်းတွေဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပဋ္ဌမမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်၏ ကြယ်ပွင့်ပြမေးခွန်း ကျွန်တော် တိုရှင်းလိုရင်း အောက်ပါအတိုင်း ဖြေကြားအပ်ပါတယ်။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်ဟာ ပင်လယ်နှင့်ထိစပ်လျက်ရှိတဲ့အတွက်ကြောင့် ဒိုးမတောင်ချောင်း နှင့် တလင်းကြီးချောင်းအပါအဝင် ဒေသအတွင်းရှိချောင်းများမှာ ပင်လယ်ဒီရေအတက်အကျရှိပြီး ရေငန်ဝင်ရောက်လျက်ရှိသော ချောင်းများဖြစ်ပါတယ်။ ဒေသရဲ့ မျက်နှာပြင်အနေအထားအရ လယ်ယာမြေများမှာ မြေနိမ့်ဒေသများဖြစ်သောကြောင့် ဒိုးမတောင် ချောင်းနှင့် တလင်းကြီးချောင်းအား မြေသားဖြင့် ချောင်းပိတ်တာတမံဆောင်ရွက်ပါက နွေရာသီတွင် ထိခိုက်ပျက်စီးမှုမရှိနိုင်သော်လည်း မိုးရေချိန်များပြားစွာ ရွာသွန်းသောဒေသဖြစ်သည့်အလျောက် မိုးရာသီတွင် ချောင်းအထက်ပိုင်းမှ စီးဝင်ရေများကြောင့်လည်းကောင်း၊ ဒီရေအတက်အကျရောက်ရှိ သည့်နေရာဖြစ်၍ လှိုင်းပုတ်ခတ်နိုင် ခြင်းကြောင့်လည်းကောင်း ပြန်လည်ကျိုးပေါက်သွားမည် သာဖြစ်ပြီး ထိန်းသိမ်းစောင့်ရှောက်ရန်လည်း ခက်ခဲမည်ဖြစ်သည့်အတွက် ချောင်းပိတ်တာတမံပြုလုပ်ခြင်း လုပ်ငန်းမှာ ဆောင်ရွက်ရန်မသင့်လျော်

ပါ။ လုပ်ငန်းသဘောသဘာဝအရ အဆိုပါချောင်းများပေါ်တွင် အခိုင်အမာရေထိန်းတံခါးများ တည်ဆောက်ပြီးတော့ ရေငန်တားတာများပတ်ပြီးတော့ တည်ဆောက်ကာကွယ်ရမည်ဖြစ်ပါတယ်။ သို့မှသာ လယ်မြေများ ပင်လယ်ရေငန်ဝင်ရောက်ခြင်းမှ ကာကွယ်နိုင်မည့် အပြင်ရေချိုထိန်းသိမ်း သိုလှောင်နိုင်ပြီးတော့ နွေ၊ ဆောင်းသီးနှံများကိုလည်း စိုက်ပျိုးနိုင်မယ်ဖြစ်ပါတယ်။

ဒိုးမတောင်ချောင်းနှင့် တလင်းကြီးချောင်းပေါ်မှာ ရေတံခါးများတည်ဆောက်ခြင်းနှင့် ရေတံခါး များနှင့်ဆက်စပ်၍ ရေငန်တားတာများပတ်၍ တည်ဆောက်ရမည်ဖြစ်သည့်အတွက် လိုအပ်တဲ့ ဇလဗေဒ၊ ဘူမိဗေဒဆိုင်ရာင်စူးစမ်းလေ့လာခြင်း၊ မြေပြင်တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စူးစမ်းလေ့လာမှုများမှ ရရှိလာသော အချက်အလက်များအရ ဖြစ်မြောက်နိုင်စွမ်းရှိ/မရှိလေ့လာ ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်နှင့်လူမှုစီးပွားဘဝထိခိုက်နိုင်မှုရှိ/မရှိ EIA,SIA လေ့လာဆန်းစစ်ခြင်း များကို ဆောင်ရွက်ပြီးနောက် လုပ်ငန်းဆောင်ရွက်ရန် ဖြစ်မြောက်နိုင်စွမ်းရှိပြီး အမှန်တကယ်အကျိုး ဖြစ်ထွန်းမှုရှိသော လုပ်ငန်းဖြစ်ပါက ဒီဇိုင်းပြုကာ ခန့်မှန်းကုန်ကျစရိတ်ငွေ တွက်ချက်တင်ပြသွားမှာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ရခိုင်ပြည်နယ်အစိုးရရဲ့ဖြေကြားချက်မှာတော့ အထက်ပါလုပ်ငန်း များအတွက် ကုန်ကျစရိတ်ငွေများကို စိစစ်တွက်ချက်ပေးရာမှာ ရေထိန်းတံခါးများ ဆက်စပ်တာ ပေါင်များ တည်ဆောက်ခြင်းနှင့် ဒိုးမတောင်ချောင်း၏ ရေဆင်းဧရိယာနှစ်စဉ် ရွာသွန်းသည့် ပျမ်းမျှ မိုးရေချိန်၊ ချောင်း၏ရေစီးနှုန်းစသော ဇလဗေဒဆိုင်ရာစူးစမ်းလေ့လာမှုများအပေါ်မူတည်ပြီးတော့ ရေတံခါးများကို တည်ဆောက်ပေးရမည်ဖြစ်ခြင်း စသည်တို့ကြောင့် အသေးစိတ်လေ့လာ တိုင်းတာပြီး မှသာ ခန့်မှန်းကုန်ကျစရိတ်ကို တွက်ချက်ပေးနိုင်မည်ဖြစ်ပါကြောင်း ဒိုးမတောင်ချောင်းနှင့် တလင်းကြီးချောင်းပေါ်မှာရှိတဲ့ ရေထိန်းတံခါးနှင့် ရေငန်တားတာ တည်ဆောက်ခြင်းအားဖြင့် ချောင်း အထက်ပိုင်းကျေးရွာခြောက်အုပ်စုမှ လုပ်ကိုင်လျက်ရှိတဲ့ လယ်မြေ ၁၅၉၄ ဧကအပြင် အသစ်ပေါ် ထွက်လာမည့် စိုက်ဧက ၂၅၉၇ ဧက စုစုပေါင်း ၄၂၀၀ ဧကခန့်အား ရေငန်းဘေးအန္တရာယ်မှ ကာကွယ် ပေးနိုင်မည်ဟုပါရှိပြီး အထက်ပါလုပ်ငန်းအား စူးစမ်းလေ့လာ တိုင်းတာချက်မှုများအပေါ်မှာ မူတည် ပြီးတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် လျာထားပြီးတော့ ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ်မှာ မူတည်ပြီးတော့ တည်ဆောက်ပေး နိုင်မည်ဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရ၏ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်းဖြေကြား အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ပခုက္ကူမြို့နယ်၊ ကုက္ကိုလှမြစ်ရေတင်စီမံကိန်း ဧက ၅၀၀၀ မှာ ရေပေးဝေခြင်း ကောင်းမွန်စွာရှိနိုင်သော ဧက ၁၀၀၀ ခန့်သာရှိသဖြင့် ကျန်ဧက ၄၀၀၀ အတွက် မည်သို့ဆောင်ရွက်မည် သို့မဟုတ် ကျန် ၄၀၀၀ ဧကကိုပါ ဖျက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးပိုက်ကို၊ ပခုက္ကူမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးပိုက်ကို(ပခုက္ကူမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းကို မေးရတဲ့ရည်ရွယ်ချက်ကတော့ ကျွန်တော်ရှေ့က မြစ်သားကိုယ်စားလှယ်ဖြစ်တဲ့ ဒေါက်တာလင်းလင်းကျော်နှင့် ဒုတိယဝန်ကြီးပြောပြသွားသလိုပါပဲ။ နိုင်ငံတော်ရဲ့ ဘတ်ဂျက်များကို စီမံကိန်းများအတွက် အကျိုးရှိရှိသုံးစွဲခြင်းရှိ/မရှိနှင့် သုံးသပ်ဖို့လိုအပ်ပြီဆိုပြီးတော့ ဝန်ကြီးကလည်း ပြောဆိုသွားပါတယ်။ ရှေ့ဆက် ဒီစီမံကိန်းများကို ဘယ်လိုသုံးသပ်တဲ့နေရာမှာ အကျိုးရှိနိုင်/မရှိနိုင်ဆိုတာ ပြောဆိုသွားပါတယ်။ အဲဒီတော့ တချို့စီမံကိန်းတွေဟာ လက်ရှိအခြေအနေမှာ ဘယ်လိုမှ မအောင်မြင်ဘဲနဲ့ နိုင်ငံတော်နှင့်ပြည်သူများ နစ်နာနေတဲ့အတွက် စီမံကိန်းများကိုလည်း ပြည်သူတွေက တို့ထိလို့မရတဲ့အတွက် ပကတိအခြေအနေကို မြေပြင်အထိ ကွင်းဆင်းစေချင်တဲ့ သဘောလည်း ပါပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးချင်တဲ့မေးခွန်းကတော့ ကုက္ကိုလှလျှပ်စစ်မြစ်ရေတင် စီမံကိန်းကို ၁-၁၀-၁၉၉၉ ရက်နေ့က စတင်ပြီးတော့ ၁-၂-၂၀၀၀ ရက်နေ့မှာ ပြီးစီးခဲ့ပါတယ်။ အကျိုးပြုဧကအနေနဲ့ ဧက ၅၀၀၀ အတွက် စပါးဧက ၁၀၀၀ နှင့် အခြားသီးနှံများအတွက် ၄၀၀၀ အတွက် သီးထပ်သီးနှံများစိုက်ပျိုးနိုင်ရန် ရည်ရွယ်ပြီးတော့ ဒီစီမံကိန်းကို ရေးဆွဲခဲ့တာဖြစ်ပါတယ်။ ပင်မမြောင်းအရှည် ၅၃၇၅၀ ပေ၊ လက်တံမြောင်း ၃၁၅၀၀ ပေနဲ့ မြောင်းလုပ်ငန်း၊ စက်ပိုင်းဆိုင်ရာလုပ်ငန်းနဲ့ လျှပ်စစ်လုပ်ငန်းတို့အတွက် ကျပ်ငွေ ၂၆၂.၈၈ သန်း နိုင်ငံတော်က အကုန်အကျခံကာ ရေပေးမြောင်းကို ၁၀ မိုင်ခန့်အထိ တည်ဆောက်ခဲ့ပါတယ်။ မြောင်းများဖောက်လုပ်ခဲ့တဲ့အခါမှာ ကျေးရွာတောင်သူများရဲ့မြေများလည်း သိမ်းဆည်းခံရပြီးတော့ ကျေးရွာများမှာလည်း ဒီစီမံကိန်းအတွက် လုပ်အားပေးခဲ့ကြရပါတယ်။ လက်ရှိအခြေအနေမှာ မြောင်းမကြီးရဲ့ပေအရှည် ၅၃၇၅၀ ရှိတဲ့အနက် ပေ ၁၀၀၀၀ အထိသာ ရေပေးနိုင်ခဲ့ပါတယ်။ ပေတိုင် ၁၄၀၀၀ အထိသာ ပြုပြင်ထားပြီးတော့ လက်တံမြောင်း ၁၁ မြောင်းရှိတဲ့အနက် ရှစ်မြောင်းသာ ရေပေးဝေနိုင်ခဲ့ပါတယ်။ ရောဝတီမြစ်ရေကြီးချိန်မှာ မြစ်ရေဝင်ရောက်လွှမ်းမိုးမှုကြောင့် ရေဝင်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီး မြောင်းပေါင်ဖို့ထားတဲ့

မြေအမျိုးအစားဟာ နုန်းတင်မြေဖြစ်တဲ့အတွက် ပျက်စီးရန်လွယ်ကူခဲ့ပါတယ်။ ယခုအခါ မြောင်းများ ပျက်စီးမှုကြောင့် နှစ်စဉ်မိုးစပါး ၈၀ ဧကနှင့် နွေစပါး ၁၀၀ ဧကကိုသာ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စနစ်တကျ မြောင်းများကိုပြုပြင်နိုင်မယ်ဆိုပါက ဧက ၇၀၀ သာစိုက်ပျိုးနိုင်ပါတယ်။ မြစ်ရေတင် လုပ်ငန်းအောင်မြင်ရန်အတွက် ရေအရင်းအမြစ်ကောင်းစွာလိုအပ်ပါတယ်။ ရေတင်ရန် လျှပ်စစ်ဓာတ်အားလည်း အလုံအလောက်ရှိရမှာဖြစ်ပါတယ်။ ရေသောက်စနစ်ကောင်းမွန်အောင် တည်ဆောက်နိုင်မှသာ အောင်မြင်မှာဖြစ်ပါတယ်။ ကုက္ကိုလှလျှပ်စစ်မြစ်ရေတင်စီမံကိန်းဟာ မြစ်ရေကြီးချိန်မှာ ရေတင်တဲ့အရပ်ဖြစ်တဲ့အတွက် သဘာဝအခြေအနေအထားဟာ မပေးတဲ့ရေတင်စနစ်ဖြစ်ပါတယ်။ ယခုအခါမှာ နှစ်ပေါင်း ၁၆ နှစ်ကြာပြီဖြစ်သော်လည်း စီမံကိန်းရဲ့တစ်စိတ်တစ်ပိုင်းဖြစ်တဲ့ ၁၀ မိုင်ခန့် ရည်ရွယ်ခဲ့သော်လည်း စီမံကိန်းရဲ့တစ်စိတ်တစ်ပိုင်း ၂.၅ မိုင်ခန့်သာ အကျိုးရှိတာကိုတွေ့ရပါတယ်။ ဒါ့ကြောင့် မို့လို့ ကျွန်တော်မေးချင်တဲ့မေးခွန်းက ပျက်စီးမှုများတဲ့ရေပေးမြောင်းမကြီးရဲ့ ၂.၅ မိုင်အောက် နောက်ပိုင်းမှာရှိတဲ့ မြောင်းအပိုင်းနေရာများအား စွန့်လွှတ်နိုင်ခြင်းရှိ/မရှိနှင့် ကောင်းမွန်စွာပေးနိုင်သော ဧက ၁၀၀၀ နှင့် အခြားရေမရရှိသောဧက ၄၀၀၀ အတွက် မည်ကဲ့သို့စီမံဆောင်ရွက်မည်ကို မြေဆုံးရှုံးသွားသော ကျေးရွာများမှ တောင်သူများကမေးမြန်းလာသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆဋ္ဌမမေးခွန်းဖြစ်တဲ့ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ကိုရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးရှင်းလင်းသွားတဲ့၊ မေးမြန်းသွားတဲ့အချက်တွေကို ပြန်လည်ပြီးတော့ ကျွန်တော် တင်ပြခြင်းမပြုတော့ဘဲနဲ့ ကျွန်တော်တို့ဘက်က ဖြေကြားမယ့်အချက်ကိုပဲ ကျွန်တော်ဆက်လက်ဖြေကြားပါမယ်။ ဘာ့ကြောင့်လဲဆိုတော့ ဒီဥစ္စာက စောစောကတင်ပြခဲ့တဲ့ မြစ်ရေတင်စီမံကိန်းကြီးဟာ ပေပေါင်း ၄၀၀၀၀ ကျော်၊ ၅၀၀၀၀ ကျော်မှာ ကျွန်တော်တို့ကအလုပ်မဖြစ်တော့ဘူး။ ပေ ၃၇၇၅၀ ပေလောက်က အနေအထားက အဲဒီ

ကတည်းက SIA, EIA မဟုတ်ဘဲနဲ့ ဖြစ်သလိုဆောက်ခဲ့တဲ့အတွက် အလုပ်မဖြစ်တော့ဘဲနဲ့ ရေပေးလို့ မရပါဘူး။ ဒီဟာနဲ့ပတ်သက်ပြီးတော့ ဌာနရဲ့သုံးသပ်ချက်ပေါ့။ ဒါကတော့ ဌာနက လက်ရှိသုံးသပ်တဲ့ အခါကျတော့ မြစ်ရေတင်လုပ်ငန်းမှာရှိတဲ့ RD-0 မှ RD-16000 ထိအား ရေပေးဝေရေး ဆက်လက် ဆောင်ရွက်နိုင်ရေးအတွက် မြောင်းပေါင်မြှင့်တင်ခြင်းဆောင်ရွက်ထားရှိပြီး ၎င်းအပိုင်းမှ ဧက ၁၀၀၀ အတွက် ရေပေးဝေရေးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် နှစ်စဉ် မြစ်ရေဝင်ရောက် လွှမ်းမိုးလျက်ရှိသည့် လက်ရှိပျက်စီးနေသောပင်မမြောင်း RD-16001 မှ RD-53750 ထိ နောက်ပိုင်း ရေမြောင်းများမှာ နှစ်စဉ်အကြီးစားပြင်ဆင်ထိန်းသိမ်းခြင်း ဆောင်ရွက်နိုင်မှသာ ရေပေးဝေနိုင်မည် ဖြစ်ခြင်း၊ တောင်သူများမှလည်း ၎င်းတို့၏အစီအစဉ်ဖြင့် မိမိပိုင်မြေများပေါ်တွင် ငှက်ပျောခြံ၊ ငရုတ် စိုက်ခင်းများစိုက်ပျိုးထားခြင်းအပြင် ဥယျာဉ်ခြံမြေများစိုက်ပျိုးလုပ်ကိုင်နေခြင်းများကြောင့် နှစ်ကာလ ကြာရှည်စွာ ဌာနမှရေပေးဝေမှုမပြုခဲ့သော ပင်မမြောင်း RD-16001 မှ RD-53750 ထိ မြောင်းပေ အရှည် ၃၇၇၅၀ ပေအား ဖျက်သိမ်းပြီးတော့ မူလပိုင်ရှင်တောင်သူများထံသို့ လုပ်ထုံးလုပ်နည်းနှင့် အညီ တရားဝင်ပြန်လည်လွှဲပြောင်းနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**မင်းလှမြို့နယ်နှင့် လက်ပံတန်းမြို့နယ်သို့ ဆက်သွယ်ထားသည့် ယခင်ကတ္တရာလမ်းဟောင်းဖြစ်သော တောင်ကြို့ကုန်း-သနာပိုလမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ကတ္တရာ လမ်းအဆင့်တိုးမြှင့်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကြွရောက်လာသော ဧည့်သည် တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသ ကြီး၊ မင်းလှမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုးဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ် တောင်ကြို့ကုန်း-သနာပိုလမ်းအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန ကို မေးမြန်းလိုပါတယ်။ ဒီလမ်းနှင့်ပတ်သက်ပြီးတော့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက မင်းလှမဲဆန္ဒနယ်က ကိုယ်စားလှယ်ကြီးကလည်းပဲ ကြိုးကြိုး စားစားဆောင်ရွက်ပေးသွားတာတွေ့ရပါတယ်။ ဒါပေမဲ့လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးအနေနဲ့

ပြည့်ပြည့်စုံစုံဒီလမ်းတစ်ခုလုံးဆောင်ရွက်မပေးနိုင်တဲ့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနကို လိပ်မူ ပြီးတော့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်း ဒေသကြီး၊ မင်းလှမြို့နယ်မှာရှိတဲ့ တောင်ကြို့ကုန်း- သနာပိုလမ်းဟာ မင်းလှ၊ စစ်ကွင်းအနောက် လက်ပံတန်းမြို့တွေကို အနောက်ဘက်ကနေပြီးတော့ ဆက်သွယ်ထားတဲ့ လမ်းဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုဖို့ မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။ ဒီပုံလေးကတော့ စစ်ကွင်းအနောက် ယမတောင်ပေါ်မှာစိုက်ထူထားတဲ့ ပုံလေးဖြစ်ပါတယ်။ လက်ပံတန်းသို့ ၈.၃ မိုင်၊ မင်းလှမြို့သို့ ၆.၁ မိုင် လို့ ဖော်ပြထားတဲ့အတွက် တောင်ကြို့ကုန်း-သနာပိုလမ်းဟာ ၁၄.၄ မိုင် ရှည်လျားပါတယ်။ ကျေးရွာ အုပ်စု ၁၅ အုပ်စု၊ ကျေးရွာပေါင်း ၇၃ ရွာ၊ အိမ်ထောင်စုပေါင်း ၅၇၀၀ ကျော်နှင့် လူဦးရေ ၂၅၀၀၀ ကျော် အားထားအသုံးပြုလျက်ရှိပါတယ်။ ဒီလမ်းပေါ်ကနေပြီးတော့ စီးပွားရေးမြို့တော် ရန်ကုန်မှာရှိတဲ့ လုပ်သားပြည်သူတွေကို ဘုံလုံသီး၊ ခဝဲသီး၊ ပဲသီး၊ ဘူးသီး၊ နံနံပင်၊ မုန်လာဥ၊ ပြောင်းဖူး စတဲ့ကုန်စိမ်း သီးနှံတွေကို အဓိကထောက်ပံ့ပို့ဆောင်နေတဲ့လမ်းဖြစ်ပါတယ်။ ရာသီအလိုက် စိုက်ပျိုးသီးနှံတွေကို ပို့ဆောင်တဲ့နေရာမှာ ဥပမာပြောရရင် ပေါက်ကုန်းကျေးရွာဆိုတဲ့ရွာလေးတစ်ရွာထဲကပင် တစ်နေ့ကို ကားအစီး ၂၀ လောက် ပို့ဆောင်နေရတဲ့လမ်းလည်းဖြစ်ပါတယ်။ ကျောင်းသူကျောင်းသားတွေ၊ ဆရာဆရာမတွေ၊ လုပ်သားပြည်သူတွေနဲ့ ကျန်းမာရေးအရ အရေးပေါ်ကိစ္စရပ်တွေ အထူးပြောမနေ တော့ပါဘူး။ ဒီကျန်းမာရေးအရ အရေးပေါ်ကိစ္စရပ်တွေ၊ မြေကိုက်လူနာတွေ၊ ကိုယ်ဝန်ဆောင်သည် တွေ အလျင်အမြန်အားကိုးအားထားပြုပြီး သွားလာနေရတဲ့လမ်းလည်းဖြစ်ပါတယ်။ ဒီလမ်းကြီးဟာ လွတ်လပ်ရေးမရခင်အချိန်က ကတ္တရာလမ်းဖြစ်ခဲ့ပါတယ်။ ဒီလမ်းပေါ်မှာရှိတဲ့ ကညင်ပင်ရွာက သံတံတားကြီးဟာဆိုရင် ၁၉၂၁ ခုနှစ်ကတည်းက ဆောက်လုပ်ထားတာပါ။ ဂျပန်တွေဆုတ်ခွာတဲ့ အချိန်က ဖျက်ဆီးပစ်မယ်လုပ်တော့ ရေဝင်းကျောင်းဆရာတော်နှင့် အနီးအနားမှာ ရွာတွေမှာရှိတဲ့ ရွာသူရွာသားတွေစုပေါင်းပြီးပြောလို့ မဖျက်ဘဲနဲ့ချန်ခဲ့တဲ့တံတားဖြစ်ပါတယ်။ နှစ်ပေါင်း ၉၅ နှစ်ရှိပါပြီ။ ၂၀၂၁ ခုနှစ်ဆိုရင် နှစ်တစ်ရာပြည့်မယ့် သမိုင်းဝင်တံတားကြီးဖြစ်ပါတယ်။ ဒီတံတားကြီးဟာ အပေါ်ယံကကြည့်ရင် ကောင်းတယ်ထင်ရပေမယ့် အောက်ပိုင်းတွေမှာတော့ သံချေးတက်၊ ဆွေးမြည့် ပြုတ်ကျနေပါပြီ။ အချိန်မီချုပ် အစုတ်သက်သာဆိုသလို အခုအချိန်မှာ ဖာထေးဖြတ်ဆက်လုပ်မယ် ဆိုရင် ငွေကုန်ကျသက်သာပြီး ရေရှည်ဆက်လက်အသုံးပြုနိုင်မှာဖြစ်ပါတယ်။

**မူကြမ်း**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ခေတ်အဆက်ဆက် ရန်ပုံငွေမစို့မပို့ချပေးပြီး ဟိုနေရာလေးပြင် ဒီနေရာလေးပြင် ဂဝံကျောက်အနုလေးတွေခင်းလိုက်နဲ့ ဆေးမီးတိုနှင့်ကုပြီး တစ်ခါစားမလုပ်ဘဲ ခဏခဏစားရအောင် လုပ်ခဲ့တဲ့အတွက် လမ်းဟာကောင်း မလာဘဲ ပျက်စီးခဲ့ရပါတယ်။ ဒါကြောင့် ဘဏ္ဍာငွေလုံလောက်စွာနဲ့ ချပေးနိုင်ဖို့ ဆောက်လုပ်ရေး ဝန်ကြီးဌာနကို ဦးတည်မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်တော် နယ်ဆင်းလို့ရောက်တဲ့ရွာတိုင်းလည်း ဒီလမ်းကိုပဲ အဓိကထားပြီး မေးကြပါတယ်။ ဒါကြောင့်မို့လို့ ယခင်က ကတ္တရာလမ်းဟောင်းဖြစ်တဲ့ မင်းလှနှင့် လက်ပံတန်းဆက်သွယ်ထားတဲ့ တောင်ကြို့ကုန်း-သနာပိုလမ်းအား ဆောက်လုပ်ရေးဝန်ကြီး ဌာနမှ နိုင်ငံတော်ဘဏ္ဍာငွေနဲ့ ကတ္တရာလမ်းအဆင့်ကို တိုးမြှင့်ပေးနိုင်ခြင်းရှိ/မရှိ ဒေသခံပြည်သူများရဲ့ ဆန္ဒအရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ သတ္တမမြောက် မေးခွန်းဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုးရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီးတော့ ဖြေကြားရမယ် ဆိုလို့ရှိရင်တော့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးအဆိုပြုတဲ့ တောင်ကြို့ကုန်း-သနာပို ကျေးရွာချင်းဆက်လမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်မည်ဆိုပါက ငွေကျပ် ၂၀၇၂.၄၀ သန်းခန့်ကုန်ကျမှာဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဘတ်ဂျက် လျာထားဆောင်ရွက်ရာမှာ ပြည်နယ်/တိုင်းဒေသကြီးများအတွင်းရှိ လူဦးရေ အချိုးအစားအရ လျာထား သည့်အပြင် ပြည်နယ်/တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံးကိုလည်း ပါဝင်လျာထားရပါသည်။ ထို့အပြင် ကျေးရွာများ၏ လိုအပ်ချက်များအား မြို့နယ်၊ ခရိုင်နှင့် ပြည်နယ်/တိုင်းဒေသကြီးများမှ တစ်ဆင့် ထောက်ခံတင်ပြလာမှုများအပေါ်တွင်လည်း ဦးစားပေး အစီအစဉ်အတိုင်း ရွေးချယ်လျာထား ပေးပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုချက်ရန်ပုံငွေကတော့ ၁၂၂၉၃.၇၀၄ သန်းဖြင့် လျာထားဆောင်ရွက်လျက်ရှိပါတယ်။ မင်းလှမြို့နယ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေအားဖြင့်တော့ ၃၆၇.၅၉၅ သန်းဖြင့် ကျောက်ချောလမ်း ၂ မိုင် ၃ ဖာလုံ၊ ဂဝံ/မြေနီလမ်း ၅ မိုင် ၁ ဖာလုံ၊ သစ်သားတံတား ၃၂၀ ပေနှင့် ရေပွွန် ၁၀ ပေတို့အား လျာထားဆောင်ရွက်လျက်ရှိပါသည်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတင်ပြလာတဲ့ မေးခွန်းနှင့်ပတ်သက်လို့ တောင်ကြို့ကုန်း-သနာပို ကျေးရွာချင်းဆက်လမ်းတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ် ၁၃.၈၅၂ သန်းဖြင့် ဂဝံလမ်း ၂ မိုင် ပြုပြင်ခြင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကျန်လမ်းအစိတ်အပိုင်းများအား လတ်တလောဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် နှစ်အလိုက်ဦးစားပေးအတိုင်း တင်ပြပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

**ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အဲဒီလမ်းဟာ အဲဒီလိုပဲ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်နှင့် အပိုင်းလိုက်အပိုင်းလိုက်ကလေး တွေတော့ပြုပြင်ပါတယ်။ ဒါပေမဲ့လည်းပြုပြင်ဖို့က ချပေးတဲ့ဧရိယာလေးနည်းတဲ့အတွက် လမ်းအရှည် နည်းတဲ့အတွက် ခဏခဏဒီနေရာပြင်လိုက် ဒီနေရာလေးကောင်းသွားတော့ ဟိုနေရာလေး ပြန်ပျက်လိုက် ဟိုနေရာပြင်လိုက်၊ တစ်ခါပြန်ပျက်လိုက်၊ ဒီနေရာက တစ်ခါပြန်ပျက်လိုက်နဲ့ လုံးချာလည် လိုက်နေရပါတယ်။ အဲဒါကြောင့် တစ်ခါတည်း ပြင်မယ်ဆိုရင်လည်းပဲ အပြည့်ပြင်နိုင်ရင်ပြင်၊ မပြင်နိုင် ရင်လည်းပဲ အပိုင်းလိုက်ကို ကတ္တရာလမ်းအဆင့်အနေနဲ့ တောင်းဆိုရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ နယ်တွေသွားတဲ့ အခါမှာလည်း အဘကြီးတွေ၊ အမေကြီးတွေကခေတ်ကောင်းတုန်းကဆိုရင် တို့လမ်းက ကတ္တရာလမ်းကွဆိုတော့ သူတို့ပြောတဲ့ခေတ်ကောင်းတုန်းဆိုတာက ဟိုးဘက်ခေတ်ပါ။ ဒီဘက်ကိုယ့်အစိုးရနှင့်ကိုယ်ဖြစ်လာတဲ့ ခေတ်အဆက်ဆက်ကျမှ ကျွန်တော်တို့လမ်းဟာ ကတ္တရာလမ်းအဆင့်ကနေပြီးတော့ တဖြည်းဖြည်းကျောက်လမ်းအဖြစ်၊ မြေသားလမ်း၊ ဂဝံကျောက်လမ်းအဖြစ်ပြောင်းသွားရခြင်းပါ။ ဒါကြောင့်လည်း ကျွန်တော်ကပြန်တဲ့အခါမှာ၊ ကိုယ့်နယ်ရောက်တဲ့အခါမှာ ကိုယ့်အဘကြီးတွေ၊ အမေကြီးတွေကို ပြောပြချင်ပါတယ်။ အဘရေ ခေတ်ကောင်းကိုရောက်ပြီဗျလို့ပြောချင်ပါတယ်။

ဒါကြောင့် လမ်းတစ်ခုလုံးမပြင်ပေးနိုင်ရင်တောင်မှ အပိုင်းလိုက်အပိုင်းလိုက် ကတ္တရာလမ်းအဆင့်ကို တိုးမြှင့်ပေးဖို့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားပေးပါ။

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ဖြေကြားရမယ်ဆိုရင်တော့ ဒီတစ်တိုင်းပြည်လုံးအနေအထားမှာ ကျေးလက်ဒေသတိုင်း ဘယ်နေရာသွားသွားပါ။ အဓိကကျေးလက်ဒေသတွေရဲ့ အလိုအပ်ဆုံး၊ အရေးကြီးဆုံးတောင်းဆိုချက် ကတော့လမ်းတံတားပဲ ဖြစ်ပါတယ်။ လမ်းတံတားကလည်း ကျွန်တော်တို့က ဟင်းရွက်ကန်စွန်းလို ပေါပေါပဲပဲလုပ်လို့မရဘဲနဲ့ တော်တော်ကိုအကုန်အကျကြီးစွာရင်းနှီးပြီးတော့ လုပ်ရတာဖြစ်တဲ့အတွက် ပထမဦးဆုံးမြေလမ်းကို လုပ်ပါတယ်။ နောက်မှ ဒုတိယမြေလမ်းငြိမ်သွားတော့မှ ဂဝံလမ်းလုပ်ပါတယ်။ ဂဝံလမ်းလုပ်ပြီးမှ ကျောက်ချောလမ်းလုပ်ပါတယ်။ ကျောက်ချောလမ်းလုပ်ပြီးမှ ကတ္တရာလမ်းလုပ်ပါ တယ်။ အဆင့်ဆင့် Sustainable ၊ Durable ဖြစ်အောင် အဆင့်ဆင့်သွားရတဲ့ လုပ်ငန်းများဖြစ်တဲ့ အပြင် နောက်ပြီးတော့ရေရှည်ခံအောင်လုပ်ရတဲ့အပြင် စောစောကပြောတဲ့အတိုင်း နိုင်ငံတော် ဘတ်ဂျက်ကို ကျွန်တော်တို့က ဦးစားပေးအစီအစဉ်နဲ့ ပြည်နယ်/တိုင်းဒေသ ကြီး/မြို့နယ်ဒေသအားလုံး မှာ လျာထားပြီးတော့ လိုအပ်ချက်အများဆုံး အရေးကြီးတဲ့အလျောက် ကျွန်တော်တို့ဦးစားပေး အစီအစဉ်များနှင့် မြို့နယ်/ခရိုင်/တိုင်းဒေသကြီးက ထောက်ခံတင်ပြမှုအပေါ်မှာ ဦးစားပေးအစီအစဉ် နဲ့ဆောင်ရွက်တာဖြစ်တာမို့ ဒါလေးကိုနားလည်ခွင့်လွှတ်ပြီးတဲ့အခါမှာ မိမိတို့ကျရောက်လာမယ့် တောင်းဆိုတဲ့ဟာကို ကျွန်တော်တို့တန်ဖိုးထားပြီးတော့ မှတ်သားထားပါ့မယ်။ ဒါကိုလည်း ဒါကျွန်တော် တို့ဌာနမှာလည်း အရေးတယူမှတ်တမ်းတင်နဲ့ ဆက်လက်ပြီးတော့ ဦးစားပေးရှိလာမယ်ဆိုရင် ကျွန်တော်တို့လတ်တလောမှာတော့ ဆောင်ရွက်ပေးခြင်းမရှိဘူး။ နှစ်အလိုက် ဦးစားပေးထဲမှာတော့ လျာထားတင်ပြပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားလိုပါတယ်။

**သရက်မြို့နယ်အတွင်းရှိ မကျီးပင်ပု-ရွှေပန်းကိုင်းလမ်းအား ရာသီမရွေးသွားလာနိုင်သောလမ်းအဖြစ် ဆောလျင်စွာပြုပြင်ရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကံမြင့်(သရက်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ကြွရောက်လာကြသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်းနှင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့်ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေး တိုင်းဒေသကြီး၊ သရက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံမြင့်ဖြစ်ပါတယ်။ ကျွန်တော် တို့ သရက်မြို့နယ်ရဲ့ အနောက်မြောက်ဘက်ခြမ်းမှာ ကျေးရွာပေါင်း ၃၀၊ အိမ်ခြေပေါင်း ၄၀၀၀ နှင့် လူဦးရေပေါင်း ၁၅၀၀၀ ခန့်က စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးတို့နှင့်ပတ်သက်၍ ကျွန်တော်တို့ မကျီးပင်ပု-ရွှေပန်းကိုင်းလမ်း ၂၅/၁.၄၇ မိုင်အား အဓိကမှီခိုအားထားနေရတဲ့လမ်း ဖြစ်ပါတယ်။ အဆိုပါ မကျီးပင်ပု-ရွှေပန်းကိုင်းလမ်းဟာ ပုသိမ်-မုံရွာလမ်းအူကြောင်းဖြစ်ပြီးတော့ အရင်ပါတီ ကောင်စီခေတ်မှ ယနေ့အထိနိုင်ငံတော်နှင့်ကျေးရွာလူထုမှ ပြုပြင်ဖောက်လုပ်ထားတဲ့လမ်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point သုံးခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ ဒီလမ်းဟာ နွေရာသီမှာရှည်လျားကျယ်ဝန်းသော ချောင်းများပေါ်တွင် ကျောက်ဆောင်၊ ကျောက်ခဲကြီးများ၊ ညီညာ ဖြောင့်ဖြူးမှုမရှိသောလမ်းများ ဘေးကင်းလုံခြုံမှုမရှိခြင်းနှင့် ကျဉ်းမြောင်းသော တံတားလေးများ၊ ထူထပ်သောဖုန်မှုန့်များ၊ ချိုင့်ခွက်များ၊ ခယောင်းလမ်းများနှင့် ခက်ခဲကြမ်းတမ်းစွာ သွားလာရသော မော်တော်ယာဉ်များမှာ သရက်မြို့သို့ တစ်နေ့လျှင်တစ်ခေါက်မျှသာသွားလာနိုင်ခြင်း၊ မိုးရာသီမှာ လမ်းကြောင်းများလုံးဝပျက်တောက်၍ သွားလာနိုင်မှုမရှိသောလမ်းဖြစ်ပါတယ်။ ကျွန်တော့်မဲဆန္ဒနယ် မြေအတွင်းမှာရှိတဲ့ ကျေးရွာသားများဟာ လိုအပ်ချက်များစွာရှိပေမယ့် အဓိကအရေးတကြီးလိုအပ် ချက်မှာ ၎င်းမကျီးပင်ပု-ရွှေပန်းကိုင်လမ်းဟာ ရာသီမရွေးသွားလာနိုင်ရေးနှင့် စံချိန်စံညွှန်းမီတဲ့ လမ်းဖြစ်မြောက်ရေးအား တောင်းဆိုဆန္ဒပြုကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၎င်းမကျီးပင်ပု-ရွှေပန်းကိုင်းလမ်း ကောင်းမွန်မှုမရှိခြင်းကြောင့် စီးပွားရေး နှင့်ပတ်သက်၍ ကျေးရွာသူကျေးရွာသားများမှာ မိမိတို့စိုက်ပျိုးထုတ်လုပ်တဲ့ ကောက်ပဲသီးနှံများအား

အချိန်မီဈေးကွက်သို့မပို့နိုင်ဘဲ ရသင့်သောဈေးနှုန်းများမရရှိခြင်း၊ ဈေးကွက်မမီခြင်း၊ အများအပြား စိုက်ပျိုးထုတ်လုပ်နိုင်မှုမရှိကြောင်း တင်ပြကြပါတယ်။ အဓိကအရေးတကြီး လိုအပ်ချက်ဖြစ်သော ကျန်းမာရေးနှင့်ပတ်သက်၍ အသည်းအသန်နေထိုင်မကောင်းသူများ မော်တော်ကားများဖြင့် သွားလာနိုင်မှုမရှိခြင်းကြောင့် လှည်းများ၊ စောင်ပုခတ်များဖြင့် လူနာအားနီးစပ်ရာကျေးလက် ကျန်းမာရေးဌာနခွဲသို့လည်းကောင်း၊ သရက်ဆေးရုံသို့လည်းကောင်းသယ်ယူရာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ(သရက်မြို့)သို့မရောက်မီမှာပဲ လမ်းခုလတ်မှာအသက်ဆုံးရှုံးရကြောင်း စိတ်မချမ်းမြေ့ဖွယ်ရာများကို ကျေးရွာလူထုမှ အထူးလိုအပ်ချက်အဖြစ် တင်ပြတောင်းဆိုကြပါတယ်။

ပညာရေးနှင့်ပတ်သက်၍လည်း ကျောင်းသားကျောင်းသူများ တစ်ရွာနှင့်တစ်ရွာ ရာသီမရွေး သွားလာရာတွင်လည်းကောင်း၊ ကျေးရွာများမှ သရက်မြို့သို့ကျောင်းတက်ရာတွင်လည်းကောင်း များစွာခက်ခဲကြောင်း တင်ပြကြပါတယ်။ ဒါကြောင့်မို့လို့သက်ဆိုင်ရာမှ အဆိုပါ မကျီးပင်ပု-ရွှေပန်းကိုင်းလမ်းအား လိုအပ်သလိုပြန်လည်စိစစ်ခြင်းနှင့် လိုအပ်သောဘဏ္ဍာရေးခွင့်ပြုမိန့်များ ချမှတ်ပေးနိုင်ခြင်းရှိ/မရှိတို့ကို ကျေးရွာပြည်သူလူထုကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

### ဖြေကြားချက်

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နောက်ဆုံး ရှစ်ခုမြောက်မေးခွန်းဖြစ်တဲ့ မကွေးတိုင်းဒေသကြီး၊ သရက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံမြင့်ရဲ့ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီးတော့ နောက်ဆုံးဖြေကြားရမယ်ဆိုလို့ရှိရင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းလာသော မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ် အတွင်းရှိ မကျီးပင်ပု-ရွှေပန်းကိုင်းလမ်း ၂၅ မိုင် ၂ ဖာလုံနှင့် လမ်းအရှည်မိုင် ၈ မိုင် ၅ ဖာလုံမှာ ကျောက်ချောလမ်းခင်းပြီးဖြစ်၍ ကျန် ၁၈ မိုင် ၂ ဖာလုံကို အဆင့်မြှင့်တင်ရေးနှင့် ရေကျော်လေးစင်း၊ Box Culvert နှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ပေးရန် လတ်တလောအစီအစဉ် မရှိသေးပါကြောင်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏

မူကြမ်း

ခွင့်ပြုငွေကျပ် ၉၀ သန်းဖြင့် အဆိုပါလမ်းပေါ်ရှိ ရေကျော်သုံးစင်းတည်ဆောက်ခြင်းအား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးကံမြင့်(သရက်မဲဆန္ဒနယ်)**။ ။ ကျွန်တော်တို့ ဒီလမ်းဟာ အခုပြောတာက သာမန်ပြင်ထိန်းမှာဖြစ်ဖြစ်၊ ငွေလုံးငွေရင်းပဲဖြစ်ဖြစ် ချတဲ့နေရာမှာ သက်ဆိုင်ရာဝန်ကြီးဌာနကနေပြီးတော့ ကျွမ်းကျင်ပညာရှင်တွေရဲ့ Estimates တွေချမယ်။ ချပြီးရင် ကျွန်တော်တို့ Internal Control, Internal Check System နဲ့ ကျွန်တော်တို့ Physical Examination လုပ်ပြီးတော့ Detail Measurement လုပ်တဲ့အနေအထားမျိုးရှိ/မရှိ ကျွန်တော်မေးချင်ပါတယ်။ ဒါဘာ့ကြောင့် မေးရလဲဆိုတာက ဒီလမ်းကကြာလှပါပြီ။ ကျွန်တော်တို့ဘက်ကလူတွေပြောသလို သက်ဆိုင်ရာလုပ်တဲ့သူတွေကို ဘဲငန်းကြီးတစ်ကောင်က ရွှေဥတစ်လုံးဥဥပေးပြီး တစ်နှစ်တစ်နှစ် နောက်ဆုံးကြတော့ ဒီအတိုင်းလူတွေက တော်တော်စိတ်ပျက်နေကြပါတယ်။ အဲဒါကို ကျွန်တော်တို့ သာမန်ပြင်ထိန်းပဲချချ၊ ငွေလုံးငွေရင်းပဲချချ သက်ဆိုင်ရာစောစောတုန်းက ရှေ့မှာပြောသွားတဲ့လူတွေကို ကျွန်တော်တို့က အမြဲတမ်း Internal Control, Internal Check System နဲ့ဌာနဆိုင်ရာက ကြီးကြပ်ပြီးတော့ လုပ်တဲ့လူတွေကို ကျွန်တော်တို့က Detail Measurement ပေါ့။ အသေးစိတ် Physical Examination လုပ်ဖို့အစီအစဉ်ရှိ/မရှိ မေးမြန်းချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားပေးပါ။

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့မေးခွန်းနဲ့ပတ်သက်လို့ကတော့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ ကျွန်တော်ကတစ်နိုင်ငံလုံးရဲ့မူအရ ဒီကျေးရွာအဆင့်ဆင့်ရဲ့လိုအပ်ချက်များကို အရေးကြီးတာ၊ အရေးမကြီးတာ ရွေးရှုပြီးတော့ အစီအစဉ် Prioritize လုပ်ပြီးတော့ မြို့နယ်/ခရိုင်/ပြည်နယ်/တိုင်းဒေသကြီးကနေတစ်ဆင့် ထောက်ခံချက်တင်ပြလာမှုများမှာ အဆင့်ဆင့်ဦးစားပေးအစီအစဉ်အတိုင်းဆောင်ရွက်တာဖြစ်တဲ့အတွက် ဒီ့ထက်ပိုပြီးတော့ ကျွန်တော်တို့က သေချာတဲ့လုပ်ငန်းရှိစရာတော့ ကျွန်တော်မမြင်ဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ဒီအားလုံးရဲ့ လိုအပ်ချက်ပေါ်မှာ

အရေးကြီးတာ၊ အရေးမကြီးတာရွေးရှုတာဖြစ်တယ်။ ဒီအခုတင်ပြတဲ့ သရက်မဲဆန္ဒနယ် ကိုယ်စားလှယ်ကြီးရဲ့ဒေသနှင့်ပတ်သက်ပြီးတော့ ၂၅ မိုင် ၂ ဖာလုံမှာ ၈ မိုင် ၅ ဖာလုံက ကျောက်ချော ပြီးတော့ ကျန်တဲ့ ၁၈ မိုင် ၂ ဖာလုံအဆင့်မြှင့်တင်ခြင်း၊ ရေကျော်လေးစင်းမှာ ရေကျော်သုံးစင်းကို ပထမဦးဆုံးခွင့်ပြုတယ်။ နောက်ပိုင်းမှာ ရန်ပုံငွေရရင်ရသလို ဆက်လက်ပြီးတော့ ဦးစားပေးအနေနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါကိုလည်းပဲ အခုဆက်ပြီး ဌာနဆိုင်ရာအကြီးအကဲများနှင့် ဒါကို မှတ်တမ်းတင်ပြီးတော့ အလေးအနက်ထားပြီးဆောင်ရွက်သွားမယ်ဆိုတာကို ကတိပြုပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အတွက် မေးခွန်းများမေးမြန်း ခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ သက်ဆိုင်ရာဝန်ကြီးပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်က နိုင်ငံအဝန်း အဂတိလိုက်စားမှုများ ထင်ရှားသိသာစွာ ကျဆင်းလျော့ပါးရေးအတွက် ထိထိရောက်ရောက် ကိုယ်တွယ်ဖြေရှင်း ဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာ သန်းဝင်းက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါက်တာသန်းဝင်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ် ပါတယ်။

**ဒေါက်တာသန်းဝင်း(မြောက်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြောက်ဥက္ကလာပမဲဆန္ဒနယ်က ဒေါက်တာသန်းဝင်းအနေနဲ့ တင်သွင်း မယ့်အဆိုကတော့ နိုင်ငံအဝှမ်း အဂတိလိုက်စားမှုများ ထင်ရှားသိသာစွာ လျော့ပါးရေးအတွက် ထိထိ ရောက်ရောက် အချိန်အဟုန်မြှင့်ပြီးတော့ ကိုင်တွယ်ဆောင်ရွက်ပေးရေး ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရကို တိုက်တွန်းကြောင်းအဆိုပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုမြန်မာနိုင်ငံတော် မှာ နိုင်ငံနှင့်အဝှမ်း အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနယ်ပယ်အသီးသီး မှာ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုများ ဖြစ်ပေါ်လျက်ရှိနေသည်မှာ ဆယ်စုနှစ်များချည်၍ ကြာမြင့်ခဲ့ပြီ ဖြစ်ပါတယ်။ လာဘ်ပေးလာဘ်ယူအကျင့်ပျက်ချစားမှုများ၊ အဂတိလိုက်စားမှုများမှာ တိုင်း

ပြည်နှင့်ပြည်သူလူထုအတွက် အလွန်ကြောက်စရာကောင်းသော ရောဂါဆိုးသဖွယ် ဖြစ်ပေါ်လျက်ရှိနေပြီး နိုင်ငံတကာကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် ယင်းအကျင့်ပျက်ချစားမှု၊ အဂတိလိုက်စားမှုများဟာ ကြီးစွာသော အနှောင့်အယှက်၊ အဟန့်အတားများ ဖြစ်လျက်ရှိပါတယ်။ သစ်တောပြုန်းတီးမှုများစတဲ့ သဘာဝပတ်ဝန်းကျင်ပျက်ဆီးခြင်းများ၊ ရာသီဥတုဖောက်ပြန်ခြင်းများ အစရှိတဲ့ ဆိုးကျိုးများဟာ အဂတိလိုက်စားမှုများရဲ့ ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Transparency International နိုင်ငံတကာပွင့်လင်းမြင်သာမှုအဖွဲ့အစည်းရဲ့ စစ်တမ်းအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၇၀ နိုင်ငံရှိတဲ့အနက် အကျင့်ပျက်ချစားမှု၊ အဂတိလိုက်စားမှု၊ အနည်းဆုံးနိုင်ငံကို စံထား၍ အဆင့်သတ်မှတ်ရာမှာ (၁) ဒိန်းမတ် (၂) နယူးဇီလန် (၃) ဖင်လန် (၄) ဆွီဒင် (၅) နော်ဝေ (၆) ဆွစ်ဇာလန် (၇) စင်ကာပူ အစရှိသည်ဖြစ်ပြီး မြန်မာနိုင်ငံဟာ အဆင့် (၁၄၇)မှာ ရပ်တည်နေတဲ့အတွက် ကမ္ဘာ့အလယ်မှာ နိုင်ငံရဲ့ဂုဏ်သိက္ခာဟာ အလွန်ပဲကျဆင်းလျက်ရှိနေပါတယ်။ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာဖော်ပြချက်အရ ၂၀၁၄ ခုနှစ်အတွင်း အာဆီယံနိုင်ငံများမှာ မြန်မာနှင့် ကမ္ဘောဒီးယားတို့မှာ အဂတိလိုက်စားမှုအများဆုံးဖြစ်ပြီး စင်ကာပူနိုင်ငံဟာ အနည်းဆုံးဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ် ဩဂုတ်လမှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြည်ထောင်စုလွှတ်တော်က ဥပဒေအမှတ်(၂၃/၂၀၁၃) ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၄ ခုနှစ်၊ မတ်လ ၇ ရက်နေ့မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပါတယ်။ သို့ရာတွင် ယင်းကော်မရှင်သို့ တိုင်ကြားစာများ အမြောက်အမြားရရှိခဲ့သော်လည်း သက်သေခိုင်မာမှုမရှိဆိုကာ တိုင်ကြားစာများရဲ့ ရာခိုင်နှုန်းအနည်းငယ်ကိုသာ အရေးယူဆောင်ရွက်နိုင်ခဲ့ပါတယ်။

ကျွန်တော်တို့ မြန်မာလူမျိုးတွေရဲ့ ပင်ကိုယ်စရိုက်အရ အားနာတတ်ခြင်း၊ စိုးရိမ်ကြောက်ရွံ့တတ်ခြင်းများရှိသဖြင့် တိုင်ကြားစာများ အများစုအနေနှင့် သက်သေခိုင်မာမှုမရှိခြင်းဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့်လည်းကောင်း တိုင်ကြားစာများမှန်ကန်မှုရှိ/မရှိကို နည်းလမ်းအသွယ်သွယ်သုံးပြီး စိစစ်ဖော်ထုတ်၍ ထိထိရောက်ရောက် အရေးယူနိုင်မှသာလျှင် အဂတိလိုက်စားမှုများ လျော့ပါးသွားနိုင်မှာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ သမိုင်းသက်သေအထောက်အထားတစ်ခုကို တင်ပြလိုပါတယ်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးတော့ ခုနစ်နှစ်အကြာမှာ ၁၉၅၅ ခုနှစ်မှာ ဖက်ဆစ်ဆန့်ကျင်ရေး၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် အစိုးရလက်ထပ်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်

ဝန်ကြီးချုပ် ဦးနုကနေပြီးတော့ သရေစည်သူ ICS ဦးချမ်းသာဦးဆောင်တဲ့ အထူးစုံစမ်းရေး စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းပြီးတော့ အဂတိလိုက်စားမှုများကို အထူးနည်းပါးအောင် ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့တဲ့ သမိုင်းသက်သေ အထောက်အထား အထင်အရှားရှိခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဂတိလိုက်စားမှုများကို ထိရောက်မှန်ကန်စွာ ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်နိုင်ခြင်းမရှိပါက နိုင်ငံတော်ဟာ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများကို မည်သည့်ကာလမျှ ရရှိနိုင်မည်မဟုတ်ဟု ယုံကြည်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူလူထု တစ်ခဲနက်ထောက်ခံမှုအဖြစ် အစိုးရဖွဲ့နိုင်ခဲ့သော လက်ရှိပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရအဖွဲ့အနေဖြင့် တိုင်းပြည်အတွက်ကြီးမားသော ဆိုးကျိုးများပေးလျက်ရှိသည့် နိုင်ငံနှင့်အဝှမ်း နယ်ပယ်အသီးသီးမှာ အဂတိလိုက်စားမှုများကို ထိထိရောက်ရောက် အချိန်အဟုန် မြှင့်၍ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို အလေးအနက် တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးမျိုးဇော်ဦး (လယ်ဝေးမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ ဦးစွာပဏာမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေး တိုင်းဒေသကြီး၊ လယ်ဝေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း တင်သွင်းတဲ့ နိုင်ငံတစ်ဝှမ်း အဂတိလိုက်စားမှုများ ထင်ရှားသိသာ စွာကျဆင်းရေး လျော့ပါးရေးအတွက် ထိထိရောက်ရောက်ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဂတိလိုက်စားမှုတွေ များပြားနေတဲ့နိုင်ငံများမှာ ဆိုရင် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးစတဲ့ကိစ္စရပ်များမှာ မလိုလားအပ်တဲ့ဆိုးကျိုးတွေကို ဖြစ်ပေါ်စေ နိုင်ပြီး သာမန်ပြည်သူများအတွက်လည်း ကြီးလေးတဲ့ဝန်ထုပ်ဝန်ပိုးများစွာကို ဖြစ်စေနိုင်ပါတယ်။ မြန်မာနိုင်ငံအတွင်းမှာလည်း အဂတိလိုက်စားမှုများကြောင့် အနာဂတ်ရင်းနှီးမြှုပ်နှံမှုနှင့် ပုဂ္ဂလိက

ကဏ္ဍအဖွဲ့အစည်းများ တိုးတက်လာမှုအတွက် အဓိကအတားအဆီးဖြစ်နေတယ်လို့ ကမ္ဘာ့ဘဏ်ကနေ သုံးသပ်ပြောကြားထားကြောင်းလည်း သိရှိရပါတယ်။ မြန်မာနိုင်ငံအနေဖြင့် အဂတိလိုက်စားမှုတွေ လျော့နည်းစေရန်အတွက် ဥပဒေပြဋ္ဌာန်းခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများရှိသော်လည်း Transparency International အဖွဲ့က ထုတ်ပြန်ထားတဲ့အစီရင်ခံစာမှာ မြန်မာနိုင်ငံရဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအခြေအနေဟာ တိုးတက်လာမှုမရှိဘဲ အဆိုးရွားဆုံးအခြေအနေမှာ ရပ်တန့်နေဆဲဖြစ်ကြောင်း ဖော်ပြထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဂတိလိုက်စားမှုများဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အနုတ်လက္ခဏာကိုဆောင်သော ဆိုးကျိုးကိုဖြစ်ပေါ်စေနိုင်တဲ့အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများတွင်လည်း တိုက်ရိုက်ထိခိုက်စေနိုင်ပါတယ်။ မြန်မာနိုင်ငံမှာ အဂတိလိုက်စားမှုကို အကြမ်းဖျင်းအားဖြင့် အဆင့်မြင့်အဂတိလိုက်စားမှုနှင့် အဆင်နိမ့်အဂတိလိုက်စားမှု ဟူ၍ နှစ်မျိုးတွေ့နိုင်ပါတယ်။ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် အာဏာရှိတဲ့ပုဂ္ဂိုလ်များထံသို့ တံစိုးလက်ဆောင်နှင့် ငွေပမာဏ မြောက်မြားစွာ ပေးကမ်းခြင်းက အဆင့်မြင့်အဂတိလိုက်စားမှုဖြစ်ပြီး လက်ဖက်ရည်ဖိုးနှင့် စာရွက်စာတမ်းကြေးစသဖြင့် ပေးကမ်းခြင်းတွေကတော့ အဆင့်နိမ့်အဂတိလိုက်စားခြင်းတွေပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်ဝှမ်းလုံးမှာ လာဘ်ပေးလာဘ်ယူမှု၊ အကျင့်ပျက်ခြစားမှု၊ အဂတိလိုက်စားမှုများဟာ လျော့နည်းသွားခြင်းမရှိတဲ့အပြင် အခြေအနေများ ဆိုးရွားနေဆဲဖြစ်ကြောင်း ပြည်သူများ၏ ဝေဖန်ပြောဆိုမှုများလည်း ရှိနေသောကြောင့် ထိထိရောက်ရောက်ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်နေပါသဖြင့် ဒေါက်တာသန်းဝင်း၏အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်ကတင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ)

နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဒေါက်တာ သန်းဝင်း တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်က သဘောတူတဲ့အတွက် ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်က တင်သွင်းသော နိုင်ငံအဝှမ်း အဂတိလိုက်စားမှု ထင်ရှားသိသာစွာကျဆင်းလျော့ပါးရေးအတွက် ထိထိရောက်ရောက်ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်ကတင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်းကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၃-၈-၂၀၁၆ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄း၀၀ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဌမနေ့ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၁၁း၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**